# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၄၅)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၅ ရက် ၊ ၁-၅-၂၀၂၅၊ ကြာသပတေးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး**
**သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ**
**အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

(၂၀၂၅ ခုနှစ်၊ မေလ ၁ ရက်)

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား

အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့သည် အလုပ်သမားများအနေဖြင့် မိမိတို့၏အခွင့်အရေးကို သိရှိကာ မိမိတို့၏အခွင့်အရေးအတွက် ကိုယ်တိုင်တောင်းဆိုရာမှ ပေါ်ပေါက်လာခဲ့သည့် အလုပ်သမားများအတွက် တန်ဖိုးထားအပ်သော သမိုင်းဝင်နေ့တစ်နေ့ (မေဒေးနေ့) ဖြစ်ပါသည်။

စာမျက်နှာ ၃ သို့ ✰



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅) တွင် မိန့်ခွန်းပြောကြားစဉ်။

# တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိရန်လိုအပ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရှိ ညီလာခံခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၄ သို့ ❖

**၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့အား ဂုဏ်ပြုပါ၏။**

၂၀၂၅ ခုနှစ် ၊ မေ ၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား သက်သာသော ဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချမည်

ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

ငလျင်ဘေးသင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများသည် မဖြစ်မနေလိုအပ်သော ပစ္စည်းများဖြစ်ပြီး ငလျင်ဖြစ်ပွားရာဒေသများကို စုံစမ်းကြည့်ရာတွင် လိုအပ်ချက်အရ ဈေးနှုန်းကြီးမြင့်ကွာခြားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်ရာ ငလျင်ဘေးသင့်ဒေသများတွင် တည်ဆောက်ရေးပစ္စည်းများ အရည်အသွေးပြည့်မီပြီး ဈေးနှုန်းမှန်ကန်စွာဖြင့် လုံလောက်စွာရရှိနိုင်ရေး၊ အချိန်မီရရှိနိုင်ရေးအတွက် ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချပေးရန် စီစဉ်လျက်ရှိကြောင်း၊ တက်ရောက်လာသည့်ဌာနများနှင့် အသင်းများကလည်း ဈေးရောင်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း က ဧပြီ ၂၉ရက် နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည့် ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ငလျင်ဘေးသင့်အဆောက်အအုံများအား ပြင်းအားရစ်(ချ်)တာစကေး ၈ အဆင့်ဒဏ်ခံနိုင်ရန် ပြန်လည်တည်ဆောက်ရာတွင် အရည်အသွေးမှန်ကန်သည့် ပစ္စည်းများအသုံးပြုနိုင်ရေးနှင့် ဈေးနှုန်းသက်သာစေရေး၊ အာမခံချက်ရှိသည့်ပစ္စည်းများကို လွယ်ကူလျင်မြန်စွာ ဝယ်ယူအသုံးပြုရေးနှင့် အဆောက်အအုံများ မြန်ဆန်စွာဆောက်လုပ်နိုင်ရေးရည်ရွယ်၍ ဈေးရောင်းပွဲတော်ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသံမဏိလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံသံနှင့်သံမဏိအသင်း၊ ဘိလပ်မြေ ထုတ်လုပ်သူများအသင်းတို့မှ အသင်းဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်ဖွင့်လှစ်ရောင်းချရာတွင် အမှန်တကယ်လိုအပ်သူများကို ရောင်းချပေးနိုင်ရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အရည်အသွေးပြည့်မီသည့် ပစ္စည်းများရရှိရေးတို့အတွက် တာဝန်ယူ၊ တာဝန်ခံ၍ ရိုးသားစွာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Grouting ဘိလပ်မြေထုတ်လုပ်သည့် Sika Myanmar Limited နှင့် Aung Pyitan Co., Ltd.တို့ကလည်း လက်ရှိဆောင်ရွက်နေမှု၊ ဘိလပ်မြေဝယ်လိုအား မြင့်တက်လာသည့်အတွက် တိုးမြှင့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု၊ ဈေးရောင်းပွဲတော်တွင် ဈေးနှုန်းလျှော့ချရောင်းချပေးမည့်အခြေအနေနှင့် သံ၊ သံမဏိ၊ ဘိလပ်မြေနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား သက်သာသောဈေးနှုန်းဖြင့် ဈေးရောင်းပွဲတော်ဖွင့်လှစ် ရောင်းချပေးနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ဈေးရောင်းပွဲတော်ကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင်ကျင်းပသွားမည်ဖြစ်ရာ သက်ဆိုင်ရာအသင်းများ၏ ဦးဆောင်မှုဖြင့် လုပ်ငန်းရှင်များက ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား (၆၃,၀၀၀)ဦးခန့်ရှိ



**မန္တလေး ဧပြီ ၃၀**

မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ ပျက်စီးခဲ့သည့်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပရာတွင် ပြန်လည်ဖြေဆိုမည့် ကျောင်းသား ၆၃,၀၀၀ ဦးခန့်ရှိကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

မတ် ၂၈ ရက်နေ့ မွန်းလွဲပိုင်း၌ လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သော မန္တလေးငလျင်ကြီးကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများကို စာစစ်လုပ်ငန်းများဆောင်ရွက်နေသည့် မန္တလေးတက္ကသိုလ်ပင်မအဆောက်အအုံ ထိခိုက်ပြိုကျပျက်စီး မီးလောင်မှုဖြစ်ပွားခဲ့ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့၌ ဖြေဆိုထားသည့် တက္ကသိုလ်ဝင် စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါတိုင်းနှင့်ပြည်နယ်များအနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဇွန် ၁၆ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ရာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် လိုအပ်သော ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများနှင့် အခြားလိုအပ်သည်များကို နိုင်ငံတော်မှ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သတ်မှတ်ထားသော ကျောင်းများတွင် တက္ကသိုလ်ပါမောက္ခများ၊ ကထိကများနှင့် အခြေခံပညာဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် အနီးကပ် လာရောက်သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ပြီးခဲ့သည့် မတ်လတွင်ဖြေဆိုခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းနှင့် ယခုဖြေဆိုမည့် အောင်စာရင်းကို တစ်ပြိုင်တည်းကြေညာမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး ဧပြီ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း ပထမအကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး ၆ ထပ်ဆောင်အောက်ထပ်တွင် ပြုလုပ်ခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ်ပေးလျက်ရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။



ပထမကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက်အစည်း(၅၀၀)၊ ဘူးညွန့်အစည်း(၅၀)၊ ဘူးသီး(၄၀)လုံး၊ ငှက်ပျောသီး (၅၇)ဖီးတို့ကို ကော်မတီရုံးဝန်ထမ်း ၅၂ ဦး၊ ဘဏ္ဍာရေးဌာနဝန်ထမ်း ၆၉ ဦး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲရှိ ဝန်ထမ်း ၈၈ ဦး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနရှိ ဝန်ထမ်း ၃၅ဦး၊ စစ်ဆေးရေးဌာနရှိဝန်ထမ်း ၇၃ ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနခွဲမှူး ဒေါ်ရွှေရည်ဝင်းနှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

## ငလျင်ဘေးသင့် ပြည်သူများအား တိုင်းရင်းဆေးဖြင့် မန္တလေး မြို့နယ် ၅ မြို့နယ်တွင် အခမဲ့ ကုသပေးနေ

**မန္တလေး ဧပြီ ၃၀**

ငလျင်လှုပ်ရှားပြီး ဧပြီ ၅ ရက်နေ့မှစတင်၍ ငလျင်ဘေးသင့်ပြည်သူများအား မြန်မာတိုင်းရင်းဆေးဖြင့် မန္တလေးမြို့နယ် ၅ မြို့နယ်တွင် အခမဲ့ကုသပေးလျက်ရှိရာ ဧပြီ ၃၀ ရက်ထိ လူနာပေါင်း ၅၃၀၀ကျော် ကုသပေးပြီးဖြစ်သည်။

အဆိုပါကုသမှုပေးရာ၌ မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်းခွဲ(မန္တလေး)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ သင်ကြားရေး တိုင်းရင်းဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာ ဦးစီးဌာနနှင့် တိုင်းရင်းဆေးဝါး စက်ရုံတို့ပူးပေါင်း၍ အခမဲ့ကုသပေးနေသည်ဟု မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးတင်ဝင်းနိုင်က ပြောသည်။

"တစ်မြို့နယ်ကို ဆေးခန်းတစ်ခုစီနဲ့ ၅ မြို့နယ်မှာ ဖွင့်လှစ်ကုသပေးပါတယ်။ ကုသရေးရော၊ ဆေးဝါးပိုင်းရော၊ ရန်ပုံငွေရှာဖွေရေးရော၊ ကုသပိုင်းဆေးဝါးရှာဖွေရေးလုပ်ငန်းတွေကို ဌာနဆိုင်ရာများနဲ့ ပူးပေါင်းဆောင်ရွက်တယ်။ အသင်းအနေနဲ့ ဆေးဝါးနဲ့ငွေလိုအပ်ချက်တွေ ဖြည့်ဆည်းပါတယ်။ အားလုံးကို အခမဲ့ကုသပေးနေတာဖြစ်ပြီး ဒီနေ့အထိ ၅ မြို့နယ်မှာ လူနာပေါင်း ၅၃၀၀ ကျော်ကုသပေးနိုင်ခဲ့ပါတယ်။"

လာရောက်ကုသသူများအနက် အများဆုံးမှာ ဒူးနာ၊ ခါးနာ၊ အကြောပိုင်းဆိုင်ရာရောဂါရှင်များပြားပြီး အခြားဝေဒနာရှင်များလည်း လာရောက်ကုသကြကြောင်း၊ မဟာအောင်မြေမြို့နယ်ရှိ ယာယီဖွင့်လှစ်ထားသည့် ဆေးကုသခန်းတွင် တစ်ရက်လျှင် ၁၅၀ ဝန်းကျင် လာရောက်ကုသကြရာ လူနာအများဆုံးကုသသည့်နေရာဖြစ်ကြောင်း သိရသည်။

"ငလျင်ဖြစ်ပြီးနောက်ပိုင်း တိုင်းရင်းဆေးပညာနဲ့ ငလျင်ဘေးသင့်ပြည်သူတွေကို ကျန်းမာရေးစောင့်ရှောက်မှုအဖြစ် အခမဲ့ကုသပေးဖို့ အစည်းအဝေးထိုင်ပြီး ၅ ရက်နေ့ကစပြီး ကုသပေးတယ်။ ဌာနဝန်ထမ်းနဲ့ မလုံလောက်လို့ အသင်းက တိုင်းရင်းဆေးဆရာတွေနဲ့ ပြင်ပကဆရာတွေ ပူးပေါင်းပြီး ကုသရေးဆောင်ရွက်ကြပါတယ်"ဟု မဟာအောင်မြေမြို့နယ် တိုင်းရင်းဆေးမှူး ဦးပွင့်ဦးကပြောသည်။

ဆေးကုသရာတွင် ဆေးဝါး၊ ပတ်တီးမှစ၍ ကုသမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ လိုအပ်သည့်အတွက် လုပ်ငန်းရှင်များ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ဆေးဝါးထုတ်လုပ်စက်ရုံများက ထောက်ပံ့ကူညီပေးကြကြောင်း၊ ယာယီဆေးခန်းဖွင့်လှစ်ကုသမှုပေးခဲ့သည့် မြို့နယ်များမှာ အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်နှင့် ချမ်းမြသာစည်မြို့နယ်များဖြစ်ကြောင်းသိရသည်။

( မန္တလေးနေ့စဉ်-၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်

☆ ရှေ့ဖုံးမှ

ကမ္ဘာ့နိုင်ငံအသီးသီး၌ နှစ်စဉ်မေလ(၁)ရက်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ အခမ်းအနားများကျင်းပကြပြီး မြန်မာနိုင်ငံတွင်လည်း ၁၉၃၈ ခုနှစ်၊ မေလ(၁)ရက်မှစတင် ကျင်းပခဲ့ပါသည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် မရှိမဖြစ်အရေးပါသည့် အဓိကစွမ်းအားစုကြီးဖြစ်သော အလုပ်သမားကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ်ကျင်းပခဲ့ကြရာ ယခု ၂၀၂၅ ခုနှစ်၊ မေလ(၁)ရက်နေ့တွင် (၈၇)ကြိမ်မြောက်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါသည်။

ယနေ့ကျရောက်သည့် အလုပ်သမားနေ့တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ကာယစွမ်းအား၊ ဉာဏစွမ်းအားများကိုရင်းကာ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ စေတနာတို့ဖြင့် ပေးအပ်လျက်ရှိကြသည့် အလုပ်သမားကြီးများအပါအဝင် ပြည်သူအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် လူမှုစီးပွားဘဝမြင့်မားရေးတို့အတွက် ဒေသအလိုက်သဘာဝထွက်ကုန်များကို အခြေခံသော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့သောအချိန်ခါသမယတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက်ရှိသည့် အလုပ်သမားကြီးများအား လေးစားစွာဂုဏ်ပြုပါကြောင်း ဦးစွာပထမ ဖော်ပြအပ်ပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေး၊ အလုပ်လက်မဲ့နှုန်း ကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန် အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်လျက်ရှိသည့် အလုပ်သမားကြီးများကို လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ တိုးမြှင့်တည်ထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများသော ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားသုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍ ပိုမိုအားကောင်းလာစေရေးအတွက် ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုထားပါသည်။ အလုပ်သမားအဖွဲ့အစည်း (၃၁၁၆)ဖွဲ့နှင့် အလုပ်ရှင်အဖွဲ့အစည်း(၂၈)ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏ အခွင့်အရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိပါသည်။

စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားရေးရာ စစ်ဆေးစည်းကြပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကို အဆင့်မြှင့်တင်နိုင်ရေးအတွက် အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ ဖွဲ့စည်းပြီး ဒေသတွင်းနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှစတင်၍ အာဆီယံလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက် (ASEAN Occupational Safety and Health Network–ASEAN–OSHNET) တွင် မြန်မာနိုင်ငံသည် အဖွဲ့ဝင်အနေဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO)တွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ILO မှ ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များနှင့် တိုက်တွန်းချက်များကို နိုင်ငံ၏တည်ဆဲဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်လျက်ရှိသကဲ့သို့ အခမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကိုလည်း ILO နှင့် ပူးပေါင်းဖြေရှင်းလျက်ရှိပါသည်။

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းဆိုင်ရာ ILO ပြဋ္ဌာန်းချက်(၁၈၂)အရ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းမရှိစေရန် တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်တားဆီးခြင်း၊ ပညာပေးဟောပြောခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ဖြင့် ထိန်းသိမ်းကြပ်မတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

အလုပ်ရှင်နှင့်အလုပ်သမားများအကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင်အေးချမ်းသာယာစေရေးနှင့် အငြင်းပွားမှုများအား တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရေးတို့မှာ အလွန်အရေးကြီးပါသည်။ ထို့ကြောင့် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များတွင် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ(၂၉၈၂)ဖွဲ့၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ (၃၂၅)ဖွဲ့၊ ခုံသမာဓိအဖွဲ့ (၁၅)ဖွဲ့၊ ခုံသမာဓိကောင်စီ (၁)ဖွဲ့တို့ဖြင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်းသွားရောက်၍လည်း အသိပညာပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေခြင်းသာမက ကုန်ထုတ်လုပ်မှု တိုးတက်စေခြင်းအကျိုးကျေးဇူးကိုပါ ရရှိနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အဓိကကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးအတွက် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းအရ အကျုံးဝင်မြို့နယ်ပေါင်း (၁၂၆) မြို့နယ်မှ အာမခံအလုပ်သမားအားဆေးကုသမှုခံယူခွင့်နှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။ ထို့ပြင် ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း၌လည်း အာမခံအလုပ်သမားများအား လူမှုဖူလုံရေး အကျိုးခံစားခွင့်ဖြစ်သော ကျပ်ငွေသန်းပေါင်း ၇၁၈၅၅ ဒသမ ၅၄၉ (၇၁ ဒသမ ၈၅၆ ဘီလီယံ) ထောက်ပံ့ပေးခဲ့ပြီး ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေဘေးသင့်ခဲ့ရသည့် အာမခံအလုပ်သမား (၃၃၉၄)ဦးကိုလည်း ကျပ်ငွေသန်းပေါင်း၂၆၆ ဒသမ ၂၉၇ ထောက်ပံ့ပေးနိုင်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ(၂၈)ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သော ငလျင်အား ၇ ဒသမ ၇ ရစ်(ခ်)တာစကေးရှိသည့် မန္တလေးငလျင်ဘေးဒဏ်သင့် အာမခံအလုပ်သမားများအားသဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာမိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ကျပ်ငွေသန်းပေါင်း ၂၁၇၀၃ ဒသမ ၁၀၄ (၂၁ ဒသမ ၇၀၃ ဘီလီယံ)ကို ထောက်ပံ့ပေးအပ်ရန် စီစဉ်လျက်ရှိပါသည်။

**ချစ်ကြည်လေးစားအပ်ပါသောအလုပ်သမားကြီးများခင်ဗျား**

ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကြောင့် ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကိုဆောင်ရွက်ရန်လိုအပ်ပါသည်။ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထားပါသည်။ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိပါသည်။

မြန်မာလုပ်သားများ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ အလုပ်သမားများ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ နစ်နာဆုံးရှုံးမှုမရှိစေရန်၊ ပြည်ပမှရရှိလာသော အတွေ့အကြုံ၊ အသိပညာနှင့် အတတ်ပညာများကို ပြည်တွင်း၌ စနစ်တကျပြန်လည်အသုံးချနိုင်ရန်နှင့် ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများမှ ၎င်းတို့၏ မိသားစုထံသို့ တရားဝင်လမ်းကြောင်းမှတစ်ဆင့် မိသားစုလွှဲပို့ငွေများ လွှဲပို့ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အလုပ်သမားများကို ဥပဒေနှင့်အညီ ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးလျက်ရှိပါသည်။ ပြည်ပရောက် မြန်မာအလုပ်သမားများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် အလုပ်သမား သံအရာရှိများ ခန့်အပ်တာဝန်ပေးထားပြီး အလုပ်သမားသံအရာရှိ မရှိသည့်နိုင်ငံများတွင် သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အစိုးရသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ်တို့ ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားတို့၏ အခန်းကဏ္ဍမှာ ကြီးမားစွာပါဝင်လျက်ရှိပါသည်။ ပြည်တွင်းရှိ အရင်းအမြစ်များကို အကျိုးရှိစွာအသုံးချ၍ ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ ပြည်ပမှကုန်များ ဝယ်ယူတင်သွင်းနေရသည့် နိုင်ငံအဖြစ်မှ ပြည်ပသို့ ပို့ကုန်တင်ပို့သည့် နိုင်ငံဖြစ်လာစေရေး ဆောင်ရွက်ရာတွင် အလုပ်သမားအင်အားစုကြီး၏ စွမ်းဆောင်မှုသည်သာ အဓိကဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူလူထုအကျိုးစီးပွားအတွက် အလုပ်သမားကြီးများက ကိုယ်အားဉာဏ်အားရှိသမျှ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်း အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

**✳ ပြည်ပသို့ သွားရောက်လုပ်ကိုင်မှုများကြောင့် ပြည်တွင်းတွင် အလုပ်သမားရှားပါးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပြည်ပသို့ သွားရောက်လုပ်ကိုင်ခြင်းထက် ဘဝလုံခြုံမှုရှိသည့် ပြည်တွင်း၌ လုပ်ကိုင်နိုင်ရေးတို့ကို ဆောင်ရွက်ရန်လိုအပ်**

**✳ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် Job Fair များ ကျင်းပကာ One Stop Service ဖြင့် အလုပ်ခန့်နိုင်အောင် အလုပ်ရှင်များနှင့် ပူးပေါင်းစီစဉ်ပေးခြင်း၊ ထိရောက်သော အလုပ်အကိုင်ဆိုင်ရာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် Labour Exchange Management System ရေးဆွဲကာ Website တွင် လွှင့်တင်ပေးထား**

**✳ ပြည်ပသို့ မြန်မာအလုပ်သမားစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသော နိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် စေလွှတ်ပေးရမည့် အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် ပြည်ပတွင် အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိ**

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

❖ တပ်မတော်မှ

အဆိုပါ ညီလာခံအခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်(အငြိမ်းစား) နှင့် အဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅) သို့ တက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် အထူးညီလာခံ(၂၀၂၅)ကို ကျင်းပရသည့် ရည်ရွယ်ချက်မှာ အခြေအနေ အကြောင်းအမျိုးမျိုးကြောင့်



မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ အထူးညီလာခံ(၂၀၂၅)သို့ တိုင်းဒေသကြီးနှင့်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်စဉ်။

လစ်လပ်သွားသည့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် မြို့နယ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်း၊ အတည်ပြုခြင်းနှင့် လိုအပ်သည့် ညွှန်ကြားချက်များကို ထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်၏ ကာကွယ်ရေးအရန်အင်အားစုကြီး ဖြစ်သည်နှင့်အညီ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များကို ပြဋ္ဌာန်းထုတ်ပြန်ပြီး စနစ်တကျဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၌ တာဝန်ထမ်းဆောင်ခဲ့စဉ်က ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသကဲ့သို့ တပ်မတော်မှ အငြိမ်းစားယူပြီးသည့်နောက်တွင်လည်း “Once a Soldier, always a Soldier” “တစ်ခါစစ်သားဖြစ်ခဲ့ဖူးရင် အမြဲတမ်းစစ်သားပင်”ဆိုသည့် စကားနှင့်အညီ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် လိုအပ်ချိန်တိုင်း နီးကြားတက်ကြွစွာ တာဝန်ထမ်းဆောင်နေကြသည့် ရဲဘော်တို့အတွက် ဝမ်းသာဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

**စတင်ချမှတ်နိုင်ခဲ့**

နိုင်ငံလွတ်လပ်ရေး ရပြီးချိန် ၁၉၄၈ ခုနှစ်ကတည်းက စစ်ပြန်စစ်မှုထမ်းဟောင်းကြီးများသည် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် မြို့ရွာဒေသအလိုက် အချင်းချင်း အပြန်အလှန်အထောက်အကူပြုရင်း စစ်မှုထမ်းဟောင်းအဖွဲ့လေးများဖွဲ့ကာ ဒေသဖွံ့ဖြိုးရေးနှင့် လုံခြုံရေးကိစ္စများတွင် ပရဟိတစိတ်ဖြင့် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း၊ အဆိုပါ အဖွဲ့အစည်းများကို ၁၉၇၃ ခုနှစ်တွင် စနစ်တကျ ပြန်လည်စုဖွဲ့ပြီး မြန်မာနိုင်ငံ စစ်ပြန်စစ်မှုထမ်းဟောင်းများ ဗဟိုစည်းရုံးရေးကော်မတီနှင့် မြို့နယ်စည်းရုံးရေးကော်မတီများကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ၁၉၇၅ ခုနှစ်တွင် ဖွဲ့စည်းပုံနှင့် အခြေခံစည်းမျဉ်းများ စတင်ချမှတ်နိုင်ခဲ့ကြောင်း၊ ၎င်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဥပဒေ (၁၉၈၉) နှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြဋ္ဌာန်းထုတ်ပြန်ပြီး ဥပဒေနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၁၆ ခုနှစ်တွင် ပြောင်းလဲလာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၉-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၆/၂၀၁၆)ဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီကို ဖျက်သိမ်းပြီး သီးခြားလွတ်လပ်သည့် တပ်မတော်၏ မိတ်ဖက်အဖွဲ့အစည်းတစ်ခုအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ကြောင်း၊ ဗဟိုအမှုဆောင်အဖွဲ့ကို နာယက ၁၂ ဦး၊ ဗဟိုအမှုဆောင်အဖွဲ့ဝင် ၃၄ ဦးနှင့် ဗဟိုကောင်စီဝင် ၇၆ ဦးတို့ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း။

**ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကို ဗဟိုဌာနချုပ်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ၂၁ ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၃၀၈ ဖွဲ့တို့ဖြင့် ဖွဲ့စည်းထားပြီး စစ်မှုထမ်းဟောင်းရေးရာကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးအနေဖြင့် ရည်ရွယ်ချက်(၄)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၇)ရပ်တို့ကို ချမှတ်ပြီး တပ်မတော်၏ အရန်အင်အားအဖြစ် နိုင်ငံတော်တည်ဆောက်ရေး၊ ဒေသလုံခြုံရေးနှင့် ပြည်သူ့အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်သည် ပြည်သူက ပေါက်ဖွားလာသည့် တပ်မတော်ဖြစ်သည်နှင့်အညီ ပြည်သူနှင့်တစ်သားတည်းရှိရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဆိုသည်မှာ တပ်မတော်သားဟောင်းများနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ပြည်သူများနှင့် အမြဲထိတွေ့မှုရှိနေသည့်အတွက် တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိပါးစေမည့် အပြောအဆို၊ အပြုအမူများကို သတိပြုကြရန်နှင့် မိမိ၏ အပြုအမူ၊ အပြောအဆိုသည် မိမိအဖွဲ့အစည်းနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သည့် တပ်မတော်ကိုပါ တိုက်ရိုက်အကျိုးသက်ရောက်မှု ရှိစေသည်ကို နှလုံးသွင်းထားကြရန် လိုအပ်ကြောင်း။

တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့် သဘောထားများကို ပြည်သူများ သိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာ အားပြုနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် “ပြည်သူ့စစ်မဟာဗျူဟာ”ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပုံဖော်ပေးသွားကြရမည်ဖြစ်ကြောင်း။

အစိုးရအနေဖြင့် လာမည့်ဒီဇင်ဘာလအတွင်း၌ လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးကာလ မိမိတို့နိုင်ငံတွင် ကြုံတွေ့ခဲ့ရသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏ ထိုးနှက်တိုက်ခိုက်မှုများ၊ ပြီးခဲ့သည့်နှစ်များအတွင်းက ဖြစ်ပွားခဲ့သည့်

စာမျက်နှာ ၅ သို့ ❖

☆ တပ်မတော်၏ နိုင်ငံတော်နှင့်ပြည်သူအပေါ်ထားရှိသော စစ်မှန်သည့် သဘောထားများကို ပြည်သူများသိရှိရန်အတွက် တပ်မတော်တစ်ရပ်တည်း လုပ်ဆောင်ခြင်းထက် ပြည်သူများတွင်ရှိနေသည့် စစ်မှုထမ်းဟောင်းအဖွဲ့များ၏ စည်းရုံးရေးစွမ်းရည်ကို မောင်းနှင်အားအဖြစ် ထိရောက်စွာအားပြုနိုင်ရမည်

☆ နိုင်ငံတော်က ချမှတ်ထားသည့် “ပြည်သူ့စစ်မဟာဗျူဟာ”ကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန်အတွက် တပ်မတော်နှင့်ပြည်သူကြားတွင် ခိုင်မာသည့် ပေါင်းစည်းအားရရှိအောင် ဆက်လက်ကြိုးပမ်းပုံဖော်ပေးသွားကြရမည်

❖ စာမျက်နှာ ၄ မှ

ရာဂီမုန်တိုင်းနှင့် ရေကြီးရေလျှံမှုများ၊ လတ်တလောဖြစ်ပွားခဲ့သည့် မန္တလေး ငလျင်ကြီး ဘေးအန္တရာယ်များသည် တိုင်းပြည်အတွက် ဆုံးရှုံးနစ်နာမှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း၊ အားလုံးတက်ညီ လက်ညီဖြင့် စည်းစည်းလုံးလုံးကျော်ဖြတ်ကြမည်ဆိုပါက အခက်အခဲအကျပ်အတည်းများကြားမှ အမြန်ဆုံးရုန်းထွက်နိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည် သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးသည် နိုင်ငံတော်အတွက် အရေးကြီးခြင်းကြောင့်အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ပြည်သူလူထု စိတ်အေးချမ်းသာစွာ လုပ်ကိုင်စားသောက်နေထိုင်နိုင်မည်ဆိုပါက လူမှုစီးပွားဘဝများသည် မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် လည်း ထမ်းဆောင်နေရသည့် ကိုယ်စီတာဝန်များအပြင် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် စဉ်ဆက်မပြတ်မျက်စိကိုဖွင့် နားကိုစွင့်ထားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

တပ်မတော်သားဟောင်းများ ဖြစ်သည့်အတွက် တပ်မတော်၏ အစဉ်အလာကောင်းများကို ထာဝစဉ်ထိန်းသိမ်းသကဲ့သို့ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ကောင်းမွန်သည့် ဂုဏ်သိက္ခာများကိုလည်း ဆက်လက်စောင့်ထိန်းသွားကြရန်၊ ဒွိတာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး အမျိုးသားကာကွယ်ရေး၊ လုံခြုံရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တပ်မတော်၏ အရန်အင်အားအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပြီး ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ ချမှတ်ပေးထားသည့် ရှေ့လုပ်ငန်းစဉ်(၇)ရပ်နှင့် လုပ်ငန်းကဏ္ဍကြီး (၅)ရပ်ကို စစ်သားကောင်းတစ်ယောက်ပီပီ လိုက်နာအကောင်အထည်ဖော်ပြီး ပြည်သူနှင့် တပ်မတော်အကြား ခိုင်မာသည့် ပေါင်းကူးသဖွယ်ဖြစ်အောင် ကြိုးပမ်းသွားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသည့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဝင်များနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် မေ ၁၀

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်ထွန်း၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံရုံးတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်နေရာများသို့ တရုတ်နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များစေလွှတ်ကာ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ၊ ဆေးဝါးများအပါအဝင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် တရုတ်နိုင်ငံမှ ထောက်ပံ့ပေးနေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ အွန်လိုင်းလောင်းကစားများနှင့် ဆက်သွယ်ရေးလိမ်လည်မှုများအပါအဝင် နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှုခင်းများ တားဆီးနှိမ်နင်းရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၁၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွှန့်ဖေနှင့် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးမည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်ကောင်စီ ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ သင်ကြားမည့်ဆရာ ဆရာမများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများကို သတ်မှတ်ထားသောကျောင်းများ၌ မေ ၂ ရက်တွင် စတင်သင်ကြားပေးရန် စာရင်းပေးထားသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမပေါင်း ၁၀၇၆ ဦးရှိကြောင်း၊ လေဆိပ်၊ ကားဂိတ်တို့တွင် တာဝန်ရှိသူများက ကြိုဆိုနေကြမည်ဖြစ်ကြောင်း၊ သဘာဝဘေးဒဏ်ခံစားရသည့် ဒေသများမှ ကျောင်းသား ကျောင်းသူများကို စာမေးပွဲကောင်းမွန်စွာဖြေဆိုနိုင်ရန်အတွက် လာရောက်ကူညီပေးခြင်းဖြစ်သည့်အတွက် ဆရာ ဆရာမများ နေထိုင်၊ စားသောက်၊ သွားလာရေး အဆင်ပြေစေရန် တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများနှင့် ပညာရေးမှူးရုံးအသီးသီးရှိ ဝန်ထမ်းများက ဝိုင်းဝန်းစောင့်ရှောက် ကူညီပေးကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို သွားရောက်သင်ကြားပေးခြင်းသည် ပညာဒါနမြောက်သည်ဖြစ်၍ ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများ၊ မေးခွန်းပုံစံများကို သေချာစွာ နားလည်သဘောပေါက်နိုင်စေရန် စေတနာအပြည့်ဖြင့် သင်ကြားပေးစေလိုကြောင်း၊ သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် စာသင်ကြားပေးသည့်အစီအစဉ်တွင် ပါဝင်ကြမည့် ဆရာ ဆရာမများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုပါကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဘာသာရပ် ပါမောက္ခများအနေဖြင့် ဆရာ ဆရာမများကို သင်ပြနည်းများ လေ့ကျင့်ပေးရေးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာသူများက လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးဒဏ်သင့် ပညာရေးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများနေထိုင်ရန် နှစ်ခန်းတွဲ ဘာရှာအဆောက်အအုံများ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး နေအိမ်များခိုင်ခံ့မှုရှိစေရေး၊ မိုးဒဏ်လေဒဏ်ခံနိုင်မှုရှိစေရေး၊ အရည်အသွေးများ ပြည့်မီစေရေး၊ အမြန်ပြီးစီးရေးတို့အတွက် တာဝန်ရှိသူများက အလေးထားဆောင်ရွက်ကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားနှင့် ထိခိုက်ပျက်စီးသော စေတီ၊ ဘုရားများ၊ ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မန္တလေး ဧပြီ ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်းရှိ နန်းမြို့ဆုတောင်းပြည့် စေတီ၊ ပဟိုရ်စင်၊ စွယ်တော်စင်၊ ဥပုသ်တော်ဆောင်၊ မန္တလေးနန်းမြို့ရိုး၊ မဟာမုနိဘုရားနှင့် ထိခိုက်ပျက်စီးသော စေတီ၊ ဘုရားများအား ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီတော်၊ စွယ်တော်စင်နှင့် ဥပုသ်တော်ဆောင်တို့ ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုကိုလည်းကောင်း၊ ပဟိုရ်စင်ပျက်စီးမှုနှင့် ယာယီ အမိုးပြုလုပ်ထားမှုကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မြနန်းစံကျော်ရွှေနန်းတော်ကြီးကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နန်းမြို့ရိုး ၄၈၃၉ ပေ၊ သူရဲခို ၁၂၅၅ လုံး၊ မြို့ရိုးဝင်ပေါက်ပြအိုးနှင့် ပြာသာဒ်ဆောင် ကိုးခု၊ မီးတား ၁၂ ခုတို့မှ အုတ်ကျိုးအပိုင်းအစများ၊ နံရံအောက်ခြေရှိ အုတ်ခဲကျိုးအပိုင်းအစများကို အပြီးသတ်ရှင်းလင်းခြင်း၊ သစ်သားပြာသာဒ်များ၏ ထီးတော် တိမ်းစောင်းမှုများ တည့်မတ်ခြင်းလုပ်ငန်းများကို တပ်မတော်မှ အရာရှိ၊ အရာခံ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိဘုရားအာရုံခံတန်ဆောင်း၊ မုခ်ဦးများ ရှင်းလင်းထိန်းသိမ်းမှုများကိုလည်းကောင်း၊ အာနန္ဒာဘုရား၊ ဘုရားနီဘုရား၊ အရိပ်မထွက်ဘုရားနှင့် နိုင်ငံတော်ပရိယတ္တိတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမပျက်စီးမှုအခြေအနေများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

ထို့နောက်နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ကေသရအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အဆုတ်ကျန်းမာရေး ဂရုစိုက်ကြစေချင်

**မရှိမဖြစ်အဆုတ်**

နှာခေါင်းမှ ရှူရှိုက်၍ဝင်လာသော အောက်ဆီဂျင်ကို အဆုတ်တစ်စုံက လက်ခံပေးပြီးနောက် ခန္ဓာကိုယ်တွင်း အင်္ဂါအစိတ်အပိုင်းများအားလုံးသို့ ဖြန့်ဝေပေးသော လုပ်ငန်းဆောင်တာကို အဆုတ်က ၂၄ နာရီပတ်လုံး လုပ်ဆောင်ပေးပါသည်။ ထို့ကြောင့် အဆုတ်တစ်စုံသည် အသက်ရှူလမ်းကြောင်း စနစ်၏ အရေးအကြီးဆုံး အစိတ်အပိုင်းဖြစ်သလို ခန္ဓာကိုယ်ကြီးတစ်ခုလုံးအတွက် မရှိမဖြစ် အင်္ဂါ(ကလီစာ)လည်း ဖြစ်ပါသည်။

သက်ရှိ လူသားတစ်ယောက်သည် ရက်သတ္တပတ်မျှ အစာမစားဘဲ နေနိုင်သော်လည်း ရက်အနည်းငယ်ကြာ ရေမသောက်ဘဲ အသက်ရှင်နေနိုင်သော်လည်း အကယ်၍ မိနစ်အနည်းငယ်ကြာ အောက်ဆီဂျင်ပြတ်လပ်သွားပါက အသက်ဆုံးရှုံးစေမည်ဖြစ်သည်။ကျန်းမာနေသော အရွယ်ရောက်ပြီးသူ တစ်ဦးသည် တစ်နေ့လျှင် အကြိမ် ၂၅၀၀၀ နီးပါးခန့် အသက်ရှူလေ့ရှိသည်။ ထို့ကြောင့် အသက်ရှင်ရေးအတွက် ထိုမျှအရေးပါလှသော အဆုတ်ကို ကျန်းမာနေစေရန် ထိန်းသိမ်းစောင့်ရှောက်ဖို့ လိုပါသည်။

**အဖိတ်အစင်များသော အဆုတ်ကင်ဆာ**

၂၀ ရာစု အစောပိုင်းကာလအထိ ကမ္ဘာ့လူသားများသည် အဆုတ်ကင်ဆာကြောင့် ကွယ်လွန်သူ နည်းပါးခဲ့သော်လည်း ၄င်းနောက်ပိုင်းမှာ တဖြည်းဖြည်းနှင့် အဆုတ်ကင်ဆာကြောင့် ကွယ်လွန်သူဦးရေ တိုးပွားလာခဲ့သည်။ အဆုတ်ကင်ဆာသည် အမျိုးသားနှင့် အမျိုးသမီးများတွင် ကင်ဆာကြောင့် ဖိတ်စင်သေဆုံးမှု၏ အဓိကအကြောင်းအရင်းဖြစ်ပြီး ကင်ဆာသေဆုံးမှုအားလုံး၏ ၂၅ ရာခိုင်နှုန်း နီးပါးသည်လည်း အဆုတ်ကင်ဆာကြောင့်ဖြစ်သည်။ လေ့လာချက်များအရ အူမကြီး၊ ရင်သားနှင့် ဆီးကျိတ်ကင်ဆာတို့ ပေါင်းစပ်ထားသော ကင်ဆာများထက် အဆုတ်ကင်ဆာကြောင့် နှစ်စဉ် သေဆုံးသူ ပိုများကြောင်း တွေ့ရသည်။

**အမေရိကန်ကင်ဆာအဖွဲ့အစည်း (American Cancer Society) ၏ အဆိုအရ အဆုတ်ကင်ဆာဖြစ်ပေါ်နိုင်သည့် ခန့်မှန်းချက်များမှာ**

* အဆုတ်ကင်ဆာ လူနာအသစ် ၂၃၅၇၆၀ ခန့်(အမျိုးသားများတွင် ၁၁၆၆၆၀နှင့် အမျိုးသမီး ၁၁၉၁၀၀ခန့်)ဖြစ်နိုင်ကြောင်း၊

* အဆုတ်ကင်ဆာကြောင့် သေဆုံးမှု ၁၃၁၈၈၀ ခန့်(အမျိုးသားများတွင် ၆၂၄၇၀နှင့် အမျိုးသမီးများတွင် ၆၉၄၁၀)ဖြစ်နိုင်ကြောင်း၊

* အဆုတ်ကင်ဆာသည် အသက်ကြီးသူများတွင် အဓိကဖြစ်ပွားကြောင်း၊

* အဆုတ်ကင်ဆာရောဂါ ရာဖွေတွေ့ရှိသူအများစုသည် အသက် ၆၅နှစ်နှင့်အထက် ဖြစ်ကြောင်းနှင့်

* ရောဂါရှာဖွေတွေ့ရှိသော လူများ၏ ပျမ်းမျှအသက်သည် ၇၀ ခန့်ဖြစ်ကြောင်း သိရပါသည်။

**အမျိုးသမီးများတွင် အဆုတ်ကင်ဆာဖြစ်ပွားမှုမြင့်မား**

အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများတွင် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်းမြင့်မားနေမှုကြောင့် ဆေးပညာရှင်များပင် ဝေခွဲရခက်ခဲနေကြရကြောင်း အောက်တိုဘာ ၁၅ ရက်၌ နယူးယောက်ဆေးသုတေသီများက ဆိုထားသည်။ ဆေးလိပ်သောက်သုံးမှုနှုန်းမြင့်မားခြင်း၊ ကျောက်ဂွမ်းကဲ့သို့ ဓာတုပစ္စည်းများနှင့်အလုပ်ခွင်၌ အထိအတွေ့များခြင်းတို့ကြောင့် ၁၉၈၀ ပြည့်နှစ်များအတွင်း အမျိုးသားများမှာ အမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက အဆုတ်ကင်ဆာဖြစ်နိုင်ခြေ နှစ်ဆ ပိုမြင့်မားခဲ့သည်။ နောက်ပိုင်း၌ အမျိုးသားများကြား ဆေးလိပ်သောက်သုံးမှု ကျဆင်းလာပြီး အလုပ်ခွင်လုံခြုံရေးအခြေအနေများ တိုးတက်ကောင်းမွန်လာချိန်တွင် အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ အမျိုးသားများနှင့် အမျိုးသမီးကြား ပြောင်းလဲသွားကြောင်းနှင့် လက်ရှိအချိန်တွင် အမျိုးသမီးများ၌ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းမှာ အမျိုးသားများထက် ပို၍ မြင့်မားလာသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသီများက ဆိုပါသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အသက် ၃၅ နှစ်နှင့် ၅၄နှစ်ကြား အရွယ်ရှိသူ အမျိုးသမီးများ၏ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းသည် အလားတူ အသက်အရွယ်ရှိ အမျိုးသားများ၌ ဖြစ်ပွားမှုနှုန်းထက် ပိုမြင့်မားလာသည်ကို တွေ့ရကြောင်း၊ အမျိုးသားများနှင့် အမျိုးသမီးများကြား လက်ရှိ အဆုတ်ကင်ဆာဖြစ်ပွားမှုနှုန်းထား ကွာဟချက်မှာ မပြောပလောက်သေးသော်လည်း သုတေသနပညာရှင်များအနေဖြင့် ဖြစ်စဉ်၏ နောက်ကွယ် အကြောင်းတရားကို ဖော်ထုတ်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။

**အဆုတ်ကင်ဆာဖြစ်ခြင်းအစ ဆေးလိပ်က**

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကင်ဆာရောဂါ ပညာဆိုင်ရာအဖွဲ့များမှ ပူးပေါင်းကျင်းပပြုလုပ်ခဲ့သော ၂၀၁၅ ခုနှစ် ပထမအကြိမ် ကင်ဆာရောဂါဆွေးနွေးပွဲ (1st Joint Cancer Forum, Myanmar 2015) သတင်းများအရ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ကင်ဆာရောဂါဖြစ်ပွားမှုမှာ နှစ်စဉ် ပိုမိုများပြားလာကြောင်း၊ ၄င်းဖြစ်ပွားမှုနှုန်းအရ အရှေ့တောင်အာရှဒေသတွင် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းထားမှာ လာမည့် ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၇၀ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်းလေ့လာသိရသည်။ ယနေ့ မြန်မာနိုင်ငံတွင် အမျိုးသားများ အဆုတ်ကင်ဆာ သို့မဟုတ် ခံတွင်းကင်ဆာရောဂါအဖြစ်များနေကြပြီး ၄င်းကင်ဆာရောဂါနှစ်မျိုးစလုံးသည် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းနှင့်ပတ်သက်ဆက်နွယ်နေပါသည်။

ကမ္ဘာ့ကျန်းမာရေးသုတေသီများ၏ ၁၉၅၀ ပြည့်နှစ် သုတေသနပြုမှတ်တမ်းများအရ ဆေးလိပ်သောက်ခြင်းက အဆုတ်ကို ပျက်စီးစေနိုင်ကြောင်း လေ့လာတွေ့ရှိရသည်။ သုတေသီများ၏ ဆက်လက်စူးစမ်းဖော်ထုတ် စမ်းသပ်ချက်များအရ ဆေးလိပ်သောက်ခြင်းသည် အဆုတ်ကင်ဆာဖြစ်စေမှုကို ၉၄ ရာခိုင်နှုန်းသေချာကြောင်း အဖြေထွက်ရှိခဲ့ရာ ၁၉၆၂ ခုနှစ်တွင် "အဆုတ်ကင်ဆာဖြစ်ခြင်းအစ ဆေးလိပ်က" ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။

အဆိုပါစမ်းသပ်ချက်များအရ ဆေးလိပ်သောက်သူသည် မသောက်သူထက် အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၂၄ ဆမှ ၃၆ ဆ ပိုများကြောင်း၊ ကိုယ်တိုင် ဆေးလိပ်မသောက်သော်လည်း တစ်ဆင့်ခံ ဆေးလိပ်ငွေ့ရှူမိခြင်းက အဆုတ်ကင်ဆာဖြစ်နိုင်ခြေ ၃ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထို့ပြင် ဆေးလိပ်စတင်သောက်သုံးသော အသက်အရွယ်၊ ဆေးလိပ်အရေအတွက်၊ ဆေးရွက်ကြီး သို့မဟုတ် စီးကရက်အမျိုးအစား စသည်တို့ပေါ်မူတည်၍ အဆုတ်ကင်ဆာအဖြစ် အနှေးနဲ့အမြန် သက်ရောက်မှုရှိပါသည်။ ထို့ကြောင့် အဆုတ်ကျန်းမာရေးအတွက် ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုကို အထူးရှောင်ရှားရန် လိုအပ်ပါသည်။

**အဆုတ်ကျန်းမာရေး ဂရုစိုက်ကြစေချင်**

အထက်တွင် ရေးသားဖော်ပြသကဲ့သို့ ဆေးလိပ်မီးခိုးငွေ့ကြောင့် အဆုတ်ပျက်စီးစေသလို စက်ရုံ၊ အလုပ်ရုံထက် ဓာတ်ငွေ့များ၊ စက်တပ်ယာဉ် အမျိုးမျိုးမှ ထွက်ရှိလာသော မီးခိုးများ၊ ရေဒီယိုသတ္တိကြွပစ္စည်းများ၊ Asbestos(ခေါ်)ကျောက်မှုန့်၊ ဖုန်မှုန့်၊ မြေမှုန့်စသည်တို့ကြောင့်လည်း Air Pollution (ခေါ်) ပတ်ဝန်းကျင် လေထုညစ်ညမ်းခြင်းကို ဖြစ်စေကာ အဆုတ်ကျန်းမာရေးအတွက် ကြီးစွာသော ဘေးထွက်ဆိုးကျိုးများ ရစေနိုင်ပါသည်။ သက်ရှိလူတို့သည် အမြဲအသက်ရှူနေခြင်းဖြင့် အသက်ရှင်နေရသည်။ အသက်ရှူအင်္ဂါအဖွဲ့အစည်းတွင် အဆုတ်နှင့် လေပြွန်များပါဝင်သည်။

အဆုတ်ကျန်းမာရေးအတွက် လေပြွန်များ ကောင်းမွန်ခြင်း၊ အဆုတ်အတွင်းရှိ လေအိတ်ငယ်များ ကောင်းမွန်ခြင်းနှင့် အဆိပ်အတောက်ကင်းသော လေကောင်းလေသန့်ရရှိခြင်းစသည်တို့ လိုအပ်သည်။ လေထုညစ်ညမ်းခြင်းကြောင့် အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်း၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်လေပြွန်ပိတ်ဆို့ရောဂါနှင့် နှလုံးရောဂါအခံရှိသူတွေအတွက် နှလုံးရောဂါပိုမိုဆိုးရွားစေပါသည်။

သို့ပါ၍ အဆုတ်ကျန်းမာရေးချို့တဲ့ကာ ကျန်းမာရေးထိခိုက်ခြင်းနှင့် အသက်သေဆုံးခြင်းများမှ ကင်းဝေးစေရန် လေသန့်ရှူနိုင်အောင် ဂရုပြုနေထိုင်ခြင်း၊ လေထုညစ်ညမ်းမှုကင်းဝေးအောင် အစီအမံများပြုလုပ်ခြင်းအခန်းတွင်း လေဝင်လေထွက် ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ တီဘီနှင့်ကူးစက်ရောဂါများ မကူးစက်ရအောင် သတိပြုနေထိုင်ခြင်း၊ အသက်ရှူလေ့ကျင့်ခန်းအပါအဝင် ကိုယ်လက်လှုပ်ရှား လေ့ကျင့်မှုများပြုလုပ်ခြင်း၊ လုပ်ငန်းခွင်များတွင် အမှုန်အမွှားများ၊ ဓာတ်ငွေ့များ စသည့် အဆုတ်ကို ထိခိုက်စေသည့် အခြေအနေများရှိပါက အကာအကွယ်သုံးခြင်းစသည်ဖြင့် အဆုတ်အတွက်သာမက ဘဝတစ်သက်တာလုံး သက်ရှည်ကျန်းမာအောင် ပြုမူနေထိုင်သင့်ပေသည်။

**အဆုတ်ကို ကောင်းကျိုးပြုသော အစားအစာများ**

အသက်ရှူလမ်းကြောင်းစနစ်ကို ကောင်းစွာ အထောက်အပံ့ပေးနိုင်သည့် ဓာတ်စာများဖြစ်ကြသည့် နနွင်း၊ ချင်းစိမ်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီး၊ ငရုတ်ကောင်း၊ သောက်ရေသန့်၊ ငှက်ပျောဖူး၊ သပျစ်သီး၊ သလဲသီး၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပန်းငရုတ်ပွ၊ တရုတ်နံနံ၊ အစိမ်းရောင် အရွက်ဖားဖား ဟင်းရွက်များဖြစ်ကြသည့် ပန်းဂေါ်ဖီစိမ်း၊ ပန်းဂေါ်ဖီထုပ်၊ ကိုက်လန်၊ အချဉ်အရသာရှိသော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ၊အဝါ၊လိမ္မော်ရောင်တောက်တောက် သန့်ရှင်းလတ်ဆတ်သော သစ်သီးများဖြစ်ကြသည့် ဥပမာ-သဘော်သီး၊ နာနတ်သီး၊ မချိုသောလိမ္မော်သီး၊ ရွှေဖရုံသီး၊ မုန်လာဥနီ၊ ကန်စွန်းဥ၊ ဂရိတ်ဖရုသီး၊ သခွားမွှေး၊ လက်ဖက်ခြောက်ကျကျ ရေနွေးကြမ်း စသည်တို့ကို စားသောက်ရင်း အဆုတ်ကျန်းမာရေးကို ဂရုစိုက်ပေးကြစေလိုပါကြောင်း ရေးသားကာ အကြံပြုလိုက်ရပါသည်။

**စေတနာများစွာ–**

**တင်ထက်ထက်ဇော်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပဲကတိုရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းတက္ကသိုလ်ကိုလည်းကောင်း၊ ပတ္တမြားရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် စစ်ကိုင်းပညာရေးတက္ကသိုလ်နှင့် Grade-12 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စခန်းသွင်းသင်ကြားပို့ချမည့် နေရာများကိုလည်းကောင်း၊ ရွှေမင်းဝံရပ်ကွက်ရှိ ရွှေမင်းဝံဈေးအတွင်း ဈေးသည်များ စိတ်အေးချမ်းသာစွာ ဈေးရောင်းချနေမှုကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ Grade-12 ကျောင်းသား ကျောင်းသူများ စာမေးပွဲဖြေဆိုရန် စာပေလေ့လာကျက်မှတ်နေမှုတို့ကို လည်းကောင်း၊ တကောင်းရပ်ကွက်ရှိ အိမ်တော်ရာကျောက်စေတီ၊ အောင်မြေလောကစေတီတော်၊ ပိုးတန်းရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသည့် သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုများကိုလည်းကောင်း၊ သစ်ဆိပ်မြစ်ကမ်းမှ မန္တလေးမြို့ ရွှေကြက်ကျမြစ်ကမ်းသို့ ဇက်ကူးတို့ဖြင့် သယ်ယူပို့ဆောင်နေမှုများနှင့် ဇက်ကူးတို့ အတက်အဆင်းလမ်းများ ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ရွာထောင်ရပ်ကွက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(စစ်ကိုင်း)တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော ကျောင်းဆောင် အဆောက်အအုံများကိုလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသက သီလရှင်ကျောင်းတိုက်၊ လေးကျွန်းမာရ်အောင်မြတ်စွာဘုရားနှင့် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီ၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီများတွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများနှင့် လူနေအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုများကို လည်းကောင်း၊ ထုံးဘိုရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်ကာ စခန်းအတွင်း စည်းကမ်းစနစ်တကျရှိစေရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ နန်းမြို့ရိုးသို့သွားရောက်၍ မြို့ရိုးပတ်လည်ရှိ ပြကလေးပြာသာဒ်များတွင် မှန်ကင်းတိုင်များ တည့်မတ်ခြင်း၊ ထီးတော်တည့်မတ်ခြင်း လုပ်ငန်းများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ ရှေးမူမပျက် ပြန်လည်ထိန်းသိမ်းပြုပြင်နေမှုများကို လည်းကောင်း၊ ကျော်မိုးတံခါးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေရာများကို လည်းကောင်း၊ မြို့ရိုးပေါ်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မဟာအောင်မြေမြို့နယ်ရှိ ဂရိတ်လ်ဝေါဟိုတယ်နေရာသို့လည်းကောင်း၊ မန္တလေးမြို့၏ အဓိကလမ်းမကြီးများထဲတွင်ပါဝင်သည့် ၂၆ လမ်းမကြီးနှင့် ၇၃ လမ်းမကြီးပေါ်ရှိ ငလျင်ဒဏ်ကြောင့်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတား အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ထိခိုက်ပျက်စီးသွားသော အန္တရာယ်ရှိအဆောက်အအုံ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဖယ်ရှားရှင်းလင်းပြီး အဆောက်အအုံနေရာများအား စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လုပ်ငန်းခွင်တွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အများပြည်သူများ အသုံးပြုမှုများသော အဓိကလမ်းမကြီးများပေါ်ရှိ အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများကို ဦးစားပေး၍ အမြန်ဆုံး ဖယ်ရှားရှင်းလင်းနိုင်ရေး ဌာနဆိုင်ရာများပူးပေါင်း ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အင်းဝတံတားသို့ သွားရောက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ တာဝန်ယူဆောင်ရွက်နေသော ခုံးအမှတ် ၄/၅ တွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းခွင်၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု၍ လုပ်ငန်းများဆောင်ရွက်စဉ် လုံခြုံမှုရှိစေရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းစဉ်များအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများအား တံတားအပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း၊ လုပ်ငန်းပြီးစီးမှုများကို နေ့စဉ်မှတ်တမ်းတင်ထားရှိရန် ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ အမရပူရမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကို လည်းကောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပ စစ်ဆေးရာတွင် ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေး၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် သင်ခန်းစာများ ပြန်လည်သင်ကြားလေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက် ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ယက်ဆုတောင်းပြည့် မြတ်စွာဘုရား၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မာနိတာရာမ ပရိယတ္တိစာသင်တိုက်နေရာများသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ကျောင်းထိုင်ဆရာတော်ကြီးများအား အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သန့်ရှင်းရေးဆောင်ရွက်နေသည့် အဖွဲ့များအား စားသောက်ဖွယ်ရာများပေးအပ်ကာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၈ သို့ ❒



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် ဆွမ်းဦးပုညရှင်စေတီတော် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ရောဝတီဖောင်ဒေးရှင်းက တာဝန်ယူဆောင်ရွက်လျက်ရှိ



ခုတင် ၄၃၀ ဆံ့ ယာယီဆေးရုံများ အလျင်အမြန် တည်ဆောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့သလို လက်ရှိအချိန်တွင် ငလျင်ကြောင့် ပျက်စီးခဲ့သည့် နေရာဒေသများအား ရှင်းလင်းခြင်း၊ ပြန်လည်တည်ထောင်ရေးတို့ အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စစ်ကိုင်း ဧပြီ ၃၀

ငလျင်ဘေးဒဏ်သင့် ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ပါဝင်ဆောင်ရွက်လျက်ရှိသည့် ရောဝတီဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်အား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ရောဝတီ ဖောင်ဒေးရှင်းသည် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့သည့် ဆွမ်းဦးပုညရှင် စေတီတော်၏ အပျက်အစီးများ ရှင်းလင်းခြင်း၊ စေတီတော် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို စက်ယန္တရား၊ ကရိန်းများဖြင့် စတင်တာဝန်ယူ ဆောင်ရွက်လျက် ရှိသည်။

ရောဝတီ ဖောင်ဒေးရှင်းသည် မတ် ၂၈ ရက်က ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ဒေသများသို့ သွားရောက်ကာ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် စက်ယန္တရားများနှင့် လူနာတင်ယာဉ်များအတွက် စက်သုံးဆီအခမဲ့ လှူဒါန်းခြင်း၊ စက်ယန္တရားများအတွက် နေရာသို့တိုက်ရိုက် စက်သုံးဆီများ ဖြည့်တင်းပေးခြင်း၊ ပျက်စီးသွားသော လမ်းများပြုပြင်ပေးခြင်း၊ ငလျင်ဒဏ် ခံစားခဲ့ရသူများအတွက် ထောက်ပံ့ကူညီပေးခြင်း၊ တစ်ကိုယ်ရေ အသုံးအဆောင်ပစ္စည်းများနှင့် အစားအသောက်၊ သောက်သုံးရေများ လှူဒါန်းခြင်း၊ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ဆေးကုသမှုခံယူနိုင်ရန် မန္တလေးနှင့် စစ်ကိုင်းမြို့တွင် စုစုပေါင်း ခုတင် ၄၃၀ ဆံ့ ယာယီဆေးရုံများ အလျင်အမြန် တည်ဆောက်ပေးခြင်းများ ပြုလုပ်ပေးခဲ့သလို လက်ရှိအချိန်တွင် ငလျင်ကြောင့် ပျက်စီးခဲ့သည့် နေရာဒေသများအား ရှင်းလင်းခြင်း၊ ပြန်လည်တည်ထောင်ရေးတို့ အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-ရှိုင်းထက်ဇော်

ဓာတ်ပုံ-ကိုမိုး

---

❒ စာမျက်နှာ ၇ မှ

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် ကျောက်ဆည်မြို့ ကံဦးရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပသည့် မန္တလေးမြေငလျင်ကြီးကြောင့် ကျောက်ဆည်ခရိုင်အတွင်း အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် ငလျင်ဘေးသင့်ပြည်သူများအား လတ်တလောစားသောက်ရေး အဆင်ပြေစေရန် တစ်လစာ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ထောက်ပံ့ငွေ ပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်ခဲ့ပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ခြင်း၊ ငလျင်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူ တစ်ဦးစီအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ငွေကျပ် ၁၀ သိန်း၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငါးသိန်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့က သုံးသိန်း စုစုပေါင်း ၁၈ သိန်းနှုန်းဖြင့် အသက်ဆုံးရှုံးခဲ့ရသူ ၃၆၃ ဦးအတွက် ကျပ်သိန်းပေါင်း ၆၅၃၄ သိန်းနှင့် စားရေရိက္ခာအနေဖြင့် လူတစ်ဦးလျှင် တစ်လစာအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ ရိက္ခာငါးမျိုး လူဦးရေ ၇၂၆၀၀ အတွက် ကျပ်သိန်းပေါင်း ၃၈၄၄၉ သိန်းကျော်နှင့် စုစုပေါင်းကျပ်သိန်းပေါင်း ၄၄၉၈၃ သိန်းကျော် ထောက်ပံ့ပေးခဲ့ပြီး ငလျင်ဘေးသင့်ပြည်သူများအား နိုင်ငံတော်က အင်တိုက်အားတိုက် လိုအပ်သလို ကူညီစောင့်ရှောက်ပေးနေသည့်အတွက် အားမငယ်ဘဲ ခိုင်မာသောစိတ်ဓာတ်ဖြင့် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အားပေးစကားပြောကြားပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်စဉ်။

ထို့နောက်ကျောက်ဆည်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် လက်ပန်ဇင်ကျေးရွာအုပ်စု အင်းကုန်းကျေးရွာ အင်းကုန်း အမကကျောင်းတို့၌ ဆေးကုသပေးလျက်ရှိသော မလေးရှားနိုင်ငံမှ Mrs. Masniza ခေါင်းဆောင်သော MERCY Malaysia ဆေးကုသရေးအဖွဲ့အား ကျေးဇူးတင်စကားပြောကြား၍ ဆေးကုသရေးဆောင်ရွက်နေမှုနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ပညာပေးရေးလုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေသော ပြည်သူများအား အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကိုးပင်ကျေးရွာအုပ်စု ဇလဲကျေးရွာ ဇလဲဘုရားဝင်းအတွင်းရှိ မွှောရုံ၌ ကျောက်ဆည်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ငလျင်ဒဏ်သင့်ပြည်သူများအား အားပေးစကားပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ရှိ UNITY HEART က ဦးစီး၍ ဖွင့်လှစ်ပေးထားသော ငလျင်ဘေးသင့်ပြည်သူများအတွက် ကြက်မင်းတွန်ရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၁)နှင့် ဖောင်ရွာရပ်ကွက်ရှိ မေတ္တာကွန်းခိုရာ(၂)ကယ်ဆယ်ရေးစခန်းတို့အား သွားရောက်၍ ယခင်ကမှာကြားထားသည့်အတိုင်း လူနေတဲများအား မိုးလုံနေပူဒဏ်လုံအောင် ဆောင်ရွက်စေခြင်း၊ သောက်ရေသုံးရေကန်များ စနစ်တကျဆောင်ရွက်စေခြင်း၊ စည်းကမ်းတကျ နေထိုင်နိုင်ရေး၊ အမှိုက်များ စွန့်ပစ်ကန်ဖြင့် စနစ်တကျဆောင်ရွက်စေရေး၊ သန့်စင်ခန်းများအား ယင်လုံအောင် စနစ်တကျ ဆောင်ရွက်စေရေး၊ ယာယီနေထိုင်သူများကို စနစ်တကျမှတ်တမ်းပြုစုထားရှိစေရေးတို့ကို ပြန်လည်စစ်ဆေးပြီး မကြာမီမိုးကျတော့မည်ဖြစ်သဖြင့် ဝမ်းရောဂါနှင့် ကူးစက်ရောဂါများမဖြစ်ပွားစေရေး မှာကြားခဲ့ပြီး ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဆူးကုန်းရပ်ကွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနရုံး၌ ငလျင်ဒဏ်သင့်ဝန်ထမ်းများအတွက် မိုးမကျမီနေထိုင်နိုင်ရေး Modular House များ တပ်ဆင်နေသည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးတပ်ဆင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဧပြီ ၃၀

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး၊ ပြည်နယ် ခြောက်ခုတို့တွင် ဧပြီ ၃၀ ရက်အထိ သေဆုံးသူ ၃၇၉၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၁၀၆ ဦး ရှိသည်။

## ရှာဖွေကယ်ဆယ်ပေး

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၇၈ ဦး အား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဧပြီ ၂၉ ရက် ည ၇ နာရီမှ ဧပြီ ၃၀ ရက် ညနေ ၅ နာရီအတွင်း International Organization For Migration (IOM) အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းနေထိုင်သူများအဖွဲ့မှတစ်ဆင့် ထောက်ပံ့ပေးသွားမည့် စုစုပေါင်းတန်ချိန် ၆၆ ဒသမ ၄၂ တန်ရှိ ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ ခြင်ထောင်၊ စောင်၊ ဆိုလာမီးအိမ်၊ တာပေါ်လင်၊ အိပ်ရာခင်း၊ Jerrycan၊ ကြိုးခွေများနှင့် မလေးရှားနိုင်ငံ ဆီလန်ဂေါ်ပြည်နယ်ရှိ KRI SAKTHI NYANAETHIRA KANIMADAM YOGI RAMSURATKUMAR SHIRAMAM and PERSATUAN RENGANUT DEVI SHRI KARUMARIAMMAN TEMPLE က လှူဒါန်းသော စုစုပေါင်းတန်ချိန် သုည ဒသမ ၄၈၅ တန်ရှိ ခေါက်ဆွဲခြောက်၊ ဘီစကွတ်၊ စောင်၊ ခြင်ထောင်၊ အဝတ်အထည်များ ပါဝင်သော ကတ္တူပုံးများအား သယ်ဆောင်လာသော လေယာဉ်များဆိုက်ရောက်ခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ငလျင်ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

## တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန်အတွက် Grade-12 သင် ဆရာ၊ ဆရာမများအား TOT ပြန်လည်ပို့ချ

မိုးကောင်း ဧပြီ ၃၀

ကချင်ပြည်နယ်အတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရန် အတွက်Grade-12 သင်ဆရာ၊ ဆရာမများအား တက္ကသိုလ် ပါမောက္ခများမှ Online Zoom ဖြင့် TOT ပြန်လည်ပို့ချခြင်းကို ယမန်နေ့ နံနက် ၉နာရီတွင် ဆောင်ရွက်လျက်ရှိရာ မိုးကောင်းမြို့နယ်မှ ဆရာ၊ ဆရာမများက မိုးကောင်းခန်းမ၌ တက်ရောက်သင်ယူကြသည်။

မိုးညှင်းခရိုင်အတွင်း မိုးညှင်းနှင့် ဟိုပင်မြို့မှ ဆရာ၊ ဆရာမများအတွက် အ.ထ.က(၁) မိုးညှင်းမြို့တွင်လည်းကောင်း၊ မိုးကောင်း၊ နမ္မတီး၊ ကားမိုင်း၊ ပင်းဘောမြို့တို့မှ ဆရာ၊ ဆရာမများအတွက် မိုးကောင်းမြို့တော်ခန်းမတွင်လည်းကောင်း၊ ဖားကန့်မြို့မှ ဆရာ၊ ဆရာမများအတွက် အ.ထ.က(ဖားကန့်)တွင်လည်းကောင်း Zoom ဖြင့် သင်တန်းပေးခြင်း ဖြစ်သည်။

အဆိုပါ TOT ပြန်လည်ပို့ချခြင်းကို ဧပြီ ၂၈မှ မေ ၁ ရက်ထိ ပို့ချမည်ဖြစ်ပြီး နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဘာသာရပ်အလိုက် သင်ခန်းစာများ အသီးသီးပြန်လည်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စစ်ကိုင်း-မန္တလေး လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်း၀)ရထားလမ်းကူးတံတား သံပေါင်အချို့အား စနစ်တကျဖယ်ရှားခြင်း လုပ်ငန်းအစီအစဉ်များ စတင်

**မန္တလေး ဧပြီ ၃၀**

မတ်လ ၂၈ရက်မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့်စစ်ကိုင်း-မန္တလေး လမ်းဟောင်းပေါ်ရှိ စစ်ကိုင်းတံတား(အင်း၀) ရထားလမ်းကူးတံတားသံပေါင်အချို့အား ရေကြောင်းသွားလာမှုများ အဆင်ပြေစေရေးအတွက် စနစ်တကျဖယ်ရှားခြင်းလုပ်ငန်းအစီအစဉ်များကို ယနေ့နံနက်ပိုင်းက စတင်ရာ မန္တလေးတိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(ရွှေကျင်)၊ အောင်မြေသာစံမြို့နယ်၊ အိုးဘိုရွှေကျင်ရပ်၊ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တထုတိဝရ အမှူးပြုသော ဆရာတော်များက အန္တရာယ်ကင်းပရိတ်တရားတော်များ၊ မေတ္တာသုတ်များ ရွတ်ဖတ်ပွားများခြင်းများကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

၎င်းနောက် အစီအစဉ်ကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာ့စီးပွားကော်ပိုရေးရှင်းမှဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးစက်ယန္တရားယာဉ်ကြီးများအား အန္တရာယ်ကင်းပရိတ်ရေများ၊ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် ဖယ်ရှားခြင်းလုပ်ငန်းအစီအစဉ်စတင်ခြင်းအား ဆောင်ရွက်ပေးခဲ့ရာ ပြိုပျက်ခဲ့သည့် တံတားသံပေါင်အချို့အား စက်ယန္တရားယာဉ်ကြီးများ အသုံးပြု၍ လူအင်အားတို့ဖြင့် စနစ်တကျ ဖယ်ရှားဆောင်ရွက်နေမှုများကို ကြည့်ရှုကာ လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေးကို အထူးဂရုစိုက်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

















# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးလျှောင်ကြီးကြောင့် ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနေမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေး





**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြင်ဦးလွင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါပြီး မန္တလေးငလျင်ကြီးကြောင့် တိုင်းဒေသကြီးအတွင်း ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား သင်ခန်းစာများကို အနီးကပ်သင်ကြားပို့ချပေးနေမှုနှင့် ငလျင်ဒဏ်သင့်နေရာများမှ ထိခိုက်ဒဏ်ရာရရှိသူများကို ပြင်ဦးလွင်မြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသပေးနေမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ကြည့်ရှုရာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည့် ဇွန် ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အခက်အခဲမရှိ ချောမွေ့စွာဖြင့် စာမေးပွဲပြီးဆုံးသည်အထိ ဖြေဆိုသွားနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို ဆရာ၊ ဆရာမများက ဘာသာရပ်အလိုက် အနီးကပ် သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မတ်လအတွင်း ဖြေဆိုခဲ့သည့် စာဖြေလွှာများကို မန္တလေးတက္ကသိုလ် ပင်မဆောင်တွင် စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပင်မဆောင်အဆောက်အအုံ ထိခိုက်ပြိုကျ ပျက်စီးမီးလောင်မှုဖြစ်ပွားခဲ့ပြီး အဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရခြင်းများ၊ စာမေးပွဲ ပြန်လည်ကျင်းပပေးရခြင်း ရည်ရွယ်ချက်များ၊ နိုင်ငံတော်က စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အခက်အခဲမရှိ စေရေး အဆင်ပြေချောမွေ့စွာဖြင့် ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ထောက်ပံ့ဖြည့်ဆည်းပေးနေမှုများနှင့် စိတ်ဓာတ်ခွန်အားအမြင့်ဆုံးထားကာ အခက်အခဲများကို မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ရင်ဆိုင် ကျော်ဖြတ်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း အားပေးစကားများ ပြောကြားခဲ့သည်။

ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးတွင် မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်သင့်နေရာများမှ ထိခိုက်ဒဏ်ရာရရှိခဲ့သူများအား ဆေးကုသမှုပေးနေပြီး ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်နေမှုများကို လိုက်လံကြည့်ရှုအားပေး၍ အာဟာရဖြည့်စွက်စာများပေးအပ်ကာ ငလျင်ဒဏ်ကြောင့် ဆေးကုသဆောင်အဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် Oriental Highway Co.,Ltd မှ ဆောင်ရွက်နေသည့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်း (ပြင်ဦးလွင်လမ်းပိုင်း)မိုင်တိုင် ၃၄/၂ မှ မိုင်တိုင် ၃၉/၆ (၅/၄)မိုင် ယာဉ်ကြောပြ အမှတ်အသားလိုင်းရေးဆွဲနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀

၀-၀-၀-၀-၀










သတင်း-စာမျက်နှာ ၁၁





သတင်း-စာမျက်နှာ ၁၀















# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း လျှော်ဘေးဒဏ်ကြောင့် နိမ့်ကျွံကျသွားခဲ့ရသည့် နိုင်လွန်ကတ္တရာလမ်းကွဲအက်ပျက်စီးမှု ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး





**မန္တလေး ဧပြီ ၃၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့မွန်းလွဲပိုင်းက လျှော်ဘေးဒဏ်ကြောင့် နိမ့်ကျွံကျသွားခဲ့ရသည့် အောင်မြေသာစံမြို့နယ်အတွင်း သင်္ဘောချောင်းပတ်လမ်း(အရှေ့ဘက်ခြမ်း)ကတ္တရာလမ်းနှင့် ၂၆ လမ်းမကြီးပေါ် သင်္ဘောချောင်းကူးတံတား၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် နိုင်လွန်ကတ္တရာလမ်းကွဲအက်ပျက်စီးမှုအပေါ် လမ်းတံတားဌာနမှ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများအား သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၂၂ လမ်းနှင့် ၂၆ လမ်းကြား သင်္ဘောချောင်း(အရှေ့ဘက်ခြမ်း)ပတ်လမ်းတစ်လျှောက် လျှော်ဒဏ်ကြောင့် ကတ္တရာလမ်းနိမ့်ကျွံကျသွားပြီး ကွဲအက်နေမှုများကို လမ်းတံတားဌာနမှ ကျောက်ပျက်နှင့် အင်္ဂတေကျိုးများ ခင်းကျင်း၍ လတ်တလော ယာယီသွားလာ၍ ရအောင်ပြုပြင်ခင်းကျင်းထားရှိမှုကို ကြည့်ရှုကာ မြို့တော်ဝန်က သွားလာရလွယ်ကူအောင် လတ်တလောတွင် ဆောင်ရွက်ပေးထားခြင်းဖြစ်သော်လည်း နောင်တွင် ကတ္တရာလမ်းပြန်ခင်းပါက အောက်ခြေမြေလွှာတွင် ကျစ်လျစ်သိပ်သည်းမှုရှိစေရန်အတွက် မြေပြုပြင်ခြင်းလုပ်ငန်းစနစ်တကျ ဆောင်ရွက်ပေးရန် တာဝန်ခံအင်ဂျင်နီယာအား မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် သင်္ဘောချောင်းနှင့် ၂၆ လမ်းဆုံသို့ ရောက်ရှိကြပြီး သင်္ဘောချောင်းကူးတံတား၏ အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းတို့တွင် တစ်ဖက်လျှင် ပေ ၁၅၀ ခန့်စီ အရှည်ရှိ ၂၆ လမ်းမကြီး၏ တံတားချဉ်းကပ် နိုင်လွန်ကတ္တရာလမ်းမကြီးမှာ လျှော်ဒဏ်ကြောင့် နိမ့်ကျွံကျပြီး ကွဲအက်မှုများ ဖြစ်ပေါ်ခဲ့ရာ လတ်တလောတွင် သွားလာရေးအဆင်ပြေစေရန် လမ်းတံတားဌာနမှ ကျောက်ပျက်ခင်းကျင်းပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က အဆိုပါပျက်စီးခဲ့ရသည့် ၂၆ လမ်းမကြီး၏ လမ်းပိုင်းအား နိုင်လွန်ကတ္တရာလမ်းပြန်လည်ခင်းကျင်းပေးနိုင်ရေးအတွက် လမ်းတံတားဌာန ဌာနမှူးနှင့်အဖွဲ့အား ဆောင်ရွက်ရန် ကိစ္စရပ်များကို မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## နမ့်စန်မြို့မစည်ပင်သာယာဈေးအနီး တစ်လမ်းမောင်းစနစ် အသုံးပြုသွားလာရေးနှင့် ယာဉ်ပိတ်ဆို့မှု ၊ လမ်းပိတ်ဆို့မှုများ မဖြစ်ပွားစေရေး ကွင်းဆင်းအသိပညာပေး



**နမ့်စန် ဧပြီ ၃၀**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့မစည်ပင်သာယာဈေးနှင့်အနီး ပတ်ဝန်းကျင် မီးဘေးလုံခြုံရေးအတွက်လိုအပ်ပါက မီးသတ်ကားများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်ရေးနှင့် ယာဉ်ပိတ်ဆို့မှု၊ လမ်းပိတ်ဆို့မှုများ မဖြစ်ပွားဘဲ ပြည်သူများ အဆင်ပြေချောမွေ့စွာ ဈေးရောင်း၊ ဈေးဝယ်သွားလာနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က ယမန်နေ့နံနက် ၉နာရီက မြို့လယ်မီးပွိုင့်လမ်းဆုံမှစတင်၍ ဈေးလမ်းမကြီး တစ်လျှောက် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဇေယျာဟန်၊ အမှတ်(၁၁၉)ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တပ်ဖွဲ့စိတ်မှူး ဒုရဲမှူးကျော်တေဇနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးမှူးဦးမျိုးမြင့်အောင်၊ ရဲတပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့လယ်မီးပွိုင့်မှ ဈေးလမ်းမကြီးအတွင်း တစ်လမ်းမောင်းစနစ် မောင်းနှင်ရန် ညွှန်ကြားထားပြီးဖြစ်၍ ယာဉ်မောင်းနှင်သူများ လိုက်နာဆောင်ရွက်ရေး၊ ဈေးလမ်းမကြီးဘေးဆိုင်ပိုင်ရှင်များနှင့် ပျံကျဈေးသည်များအနေဖြင့် သတ်မှတ်ဧရိယာအတွင်းသာ ဆိုင်ခင်းဈေးရောင်းချရေးနှင့် လမ်းနယ်နိမိတ်မကျူးကျော်ရေး၊ ဈေးအနီးယာဉ်များ စည်းကမ်းမဲ့ ရပ်နားမှုမရှိစေရေးနှင့် သတ်မှတ်ယာဉ်အပ်နှံသည့် နေရာများတွင် အပ်နှံရေး၊ ဆိုင်ကယ် Taxi များ သတ်မှတ်နေရာများတွင် စနစ်တကျရပ်ရေး၊ မြို့မဈေးအတွင်း ဆိုင်ကယ်များ စီးနင်းဝင်ရောက်ခြင်းမရှိစေရေးနှင့် မြို့မ ဈေးမီးဘေးလုံခြုံရေးနှင့် သက်ဆိုင်သည်များကို ကွင်းဆင်း ကြည့်ရှု၍ ပညာပေးပြောကြားခဲ့သည်။

(ဓဲပုံ)

အဆိုပါမီးဘေးလုံခြုံရေးအတွက် မီးသတ်ကားများအလွယ်တကူဝင်ထွက်သွားလာနိုင်ရေးနှင့် ယာဉ်ပိတ်ဆို့မှုလမ်းပိတ်ဆို့မှုများ မဖြစ်ပွားဘဲ အများပြည်သူ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ညွှန်ကြားမှုများအား လိုက်နာခြင်း ရှိ၊ မရှိကို နေ့စဉ်ပူးပေါင်းအဖွဲ့စုံဖြင့် ရှောင်တခင် စစ်ဆေးသွားမည် ဖြစ်ပြီး စည်းကမ်းမလိုက်နာသူများကို သက်ဆိုင်ရာ ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

## တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် Camp(စခန်းသွင်း)ဖွင့်လှစ်သင်ကြားပေးလျက်ရှိ

**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာစံမြို့နယ်အတွင်း မတ် ၂၈ ရက် မွန်းလွဲပိုင်းက လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲပြန်လည်ဖြေဆိုရမည့် ငလျင်ဒဏ်သင့်ကျောင်းသားများအတွက် အောင်ချက်မြင့်မားရေးနှင့် သင်ယူမှုများ ပိုမိုထိရောက်စေရန်အတွက် ချမ်းအေးသာစံမြို့နယ်တွင် အ·ထ·က (၁၅) ကျောင်းဝင်းအတွင်း၌ ဧပြီ ၂၈ ရက်မှစ၍ Camp(စခန်းသွင်း)ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်အတွင်း အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ငလျင်ဒဏ်ကြောင့် အိုးအိမ်များ ထိခိုက်ပျက်စီးခဲ့သည့် ကျောင်းသားများနှင့် Camp(စခန်းသွင်း) လေ့ကျင့်သင်ကြားရန် ဆန္ဒရှိသူများအတွက် လက်ခံသင်ကြားပေးမည်ဖြစ်ပြီး ကျောင်းသားများ လုံခြုံရေး၊ နေထိုင်စားသောက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်သင်ထောက်ကူပစ္စည်းများအတွက် ကူညီပံ့ပိုးသွားမည်ဖြစ်သည်။

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရမည့် ငလျင်ဒဏ်သင့်ကျောင်းသားများ Camp(စခန်းသွင်း) လေ့ကျင့်သင်ကြားပေးမှုနှင့် နေထိုင်စားသောက်ရေးတာဝန်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တိုင်းပညာရေးမှူး၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့မှအနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ချမ်းအေးသာစံမြို့နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဘာသာစုံဖြေဆိုသူ ၁၅၃၅ ဦးရှိခဲ့ပြီး ပြန်လည်ကျင်းပမည့် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုရန်အတွက် ပြန်လည်သင်ကြားရေးတွင် ဧပြီ ၂၈ ရက် စာရင်းအရ ၁၁၆၇ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။ **ချမ်းမြေ့မောင်**






## ရူဒီဂါ ဒိုင်လူကြီးအား ပစ္စည်းဖြင့်ပစ်ပေါက်ခဲ့မှုကြောင့် ခြောက်ပွဲပယ် ပြစ်ဒဏ်ချမှတ်ခြင်းခံရ

**မက်ဒရစ် ဧပြီ ၃၀**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ရူဒီဂါ ကွင်းလယ်ဒိုင်လူကြီးအား အရာဝတ္ထုပစ္စည်းဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း စပိန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ရီးရဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အနီကတ်ပြသခံခဲ့ရခြင်းအပေါ် ဒေါသတကြီးဖြင့် ဒိုင်လူကြီးအား အရာဝတ္ထုပစ္စည်းဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် ယခုလို ပစ်ဒဏ်ချမှတ်ခံခဲ့ရခြင်း ဖြစ်သည်။

နောက်ခံကစားသမား ရူဒီဂါသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၅၀ကစားပြီး ၇ဂိုး သွင်းယူထားသည်။

စပိန်ဘောလုံးအဖွဲ့ချုပ်ထုတ်ပြန်ချက်တွင် "ရူဒီဂါအား ခြောက်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ပါတယ်။ နောက်နောင်ယခုလိုပြုမူမှုမျိုး ထပ်မံမပြုလုပ်ရန်လည်း သတိပေးထားပါတယ်"ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)(NGB)**



## ပရီးမီးယားလိဂ်ချန်ပီယံ လီဗာပူးအသင်း မြို့တွင်းလှည့်လည် အောင်ပွဲခံမှုကို မေ ၂၆ရက်တွင် ပြုလုပ်သွားမည်

**လန်ဒန် ဧပြီ ၃၀**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ်ချန်ပီယံဆု ရရှိခဲ့သည့် လီဗာပူးအသင်းသည် မြို့တွင်းလှည့်လည် အောင်ပွဲခံမှုကို လာမည့် မေ ၂၆ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

လီဗာပူးအသင်း၏ မြို့တွင်းလှည့်လည် အောင်ပွဲခံမှုကို ၃နာရီမှ ၅နာရီကြား ကြာမြင့်မည်ဟုလည်း ခန့်မှန်းထားကြသည်။

လီဗာပူးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ပရီးမီးယားလိဂ်ချန်ပီယံဆုအား အကြိမ် ၂၀ထိ ဆွတ်ခူးထားနိုင်ခဲ့သည်။

လီဗာပူးအသင်းထုတ်ပြန်ချက်တွင် "ပရီးမီးယားလိဂ်ချန်ပီယံဆု အောင်ပွဲခံမှုကို လာမည့် မေ ၂၆ရက်တွင် ပြုလုပ်သွားမှာပါ။ မြို့တော်ကောင်စီရဲ့ ကမ်းလှမ်းမှုကြောင့်လည်း ယခုလို အောင်ပွဲခံမှု ပြုလုပ်ဖို့ စီစဉ်ခဲ့တာပါ။ ပရိသတ်တွေလည်း တစ်ခဲနက်လာရောက်ကြမယ်လို့ ယုံကြည်ပါတယ်" ဟု ထုတ်ပြန်သည်။

**(အပေါ်ပုံ)**

**(NGB)**

## အဲရစ်ဒိုင်ယာအား ခေါ်ယူရန် မိုနာကိုအသင်း စီစဉ်

**လန်ဒန် ဧပြီ ၃၀**

မိုနာကိုအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း နောက်ခံကစားသမား အဲရစ်ဒိုင်ယာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၁)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၂၅ပွဲကစားပြီး ၂ဂိုး သွင်းယူ ကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မိုနာကိုအသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား အဲရစ်ဒိုင်ယာကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းမှ ထွက်ခွာချင်လျက်ရှိသည်။

ထို့ကြောင့် မိုနာကိုအသင်းသားအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ အဲရစ်ဒိုင်ယာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**



## နီကိုဝီလီယံအား စာချုပ်သက်တမ်းတိုးရန် ဘီလ်ဘာအိုအသင်းစီစဉ်

**မက်ဒရစ် ဧပြီ ၃၀**

ဘီလ်ဘာအိုအသင်းသည် အသင်း တောင်ပံကစားသမား နီကိုဝီလီယံအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘီလ်ဘာအိုအသင်းက စာချုပ်သက်တမ်းတိုးရန်ဆွေးနွေးလာခြင်း ဖြစ်သည်။



တောင်ပံကစားသမား နီကိုဝီလီယံသည် ဘီလ်ဘာအိုအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၄ ပွဲကစားကာ ၃၁ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

ဘီလ်ဘာအိုအသင်း ထုတ်ပြန်ချက်တွင် "နီကိုဝီလီယံအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူ့အနေနဲ့လည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(NGB)**

## 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Casper Ruud တက်ရောက်

**မက်ဒရစ် ဧပြီ ၃၀**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ နော်ဝေတင်းနစ်ကစားသမား Casper Ruud တက်ရောက်ခဲ့သည်။

အဆိုပါ နော်ဝေတင်းနစ်ကစားသမား Casper Ruud သည် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz အား ၇-၅၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် နော်ဝေတင်းနစ်ကစားသမား Casper Ruud နှင့် ရုရှားတင်းနစ်ကစားသမား Daniil Medvedev တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အောက်ပုံ)**

**(NGB)**



## ချာကီအား သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက လိုင်ယွန်အသင်းရောင်းချမည်

**ပါရီ ဧပြီ ၃၀**

လိုင်ယွန်အသင်းသည် ကွင်းလယ်တိုက်စစ်ကစားသမား ချာကီအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက ရောင်းချသွားမည်ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



ကွင်းလယ်တိုက်စစ်ကစားသမား ချာကီသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၁၈၀ ကစားပြီး ၂၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(ဝဲပုံ)**

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းနှင့် စပါးအသင်းတို့အနေဖြင့် လိုင်ယွန်အသင်းထံမှ ချာကီအား မည်သည့်အသင်းက ခေါ်ယူနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## ဒမ်ဘီလီ တံကောက်ကြောဒဏ်ရာ ရရှိ

**ပါရီ ဧပြီ ၃၀**

တိုက်စစ်မှူး ဒမ်ဘီလီ တံကောက်ကြောဒဏ်ရာရရှိခဲ့ကြောင်း ပီအက်စ်ဂျီအသင်းမှ အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်အဖြစ် ပီအက်စ်ဂျီအသင်းက အာဆင်နယ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**



တိုက်စစ်မှူး ဒမ်ဘီလီ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ပီအက်စ်ဂျီအသင်းအတွက် ကြီးမားသည့်ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒမ်ဘီလီသည် ပီအက်စ်ဂျီအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၇ပွဲကစားပြီး ၃၉ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။ **(NGB)**

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ ရလဒ်) | ယမန်နှစ် ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၅-၂၀၂၅ | (၆)နော့တင်ဟမ် - ဘရန့်ဖို့ဒ်(၁၁) | နော့တင်ဟမ် ၁-၁ ဘရန့်ဖို့ဒ် | နော့တင်ဟမ်(အိမ်) | ၁၆ | ၉ | ၄ | ၃ | ၂၄ | ၁၁ |
| နံနက်၀၁း၀၀နာရီ | (ဘရန့်ဖို့ဒ် ၀-၂ နော့တင်ဟမ်) | ဘရန့်ဖို့ဒ် ၃-၂ နော့တင်ဟမ် | ဘရန့်ဖို့ဒ်(ဧည့်) | ၁၆ | ၅ | ၃ | ၈ | ၂၂ | ၂၁ |

### ယူရိုပါလိဂ် ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်) ပထမအကျော့ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၅-၂၀၂၅ | စပါး - ဘိုဒို | — | စပါး(အိမ်) | ၁၇ | ၆ | ၃ | ၈ | ၃၄ | ၂၉ |
| နံနက်၀၂း၀၀နာရီ | (ပရီးမီးယား-၁၆) (နော်ဝေ-၂) | | ဘိုဒို(ဧည့်) | ၂ | ၁ | ၁ | - | ၃ | ၂ |
| " | ဘီလ်ဘာအို - မန်ယူ | ဘီလ်ဘာအို ၂-၁ မန်ယူ | ဘီလ်ဘာအို(အိမ်) | ၁၇ | ၁၀ | ၆ | ၁ | ၃၁ | ၁၀ |
| | (စပိန်-၄) (အင်္ဂလန်-၁၄) | မန်ယူ ၂-၃ ဘီလ်ဘာအို | မန်ယူ(ဧည့်) | ၁၇ | ၄ | ၆ | ၇ | ၁၈ | ၂၁ |

### ယူအီးအက်ဖ်အေ ကွန်ဖရန့်လိဂ် ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်) ပထမအကျော့ — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲ အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂-၅-၂၀၂၅ | ဘက်တစ် - ဖီအိုရင်တီးနား | ဘက်တစ် ၃-၁ ဖီအိုရင်တီးနား | ဘက်တစ်(အိမ်) | ၁၇ | ၉ | ၅ | ၃ | ၃၀ | ၁၉ |
| နံနက်၀၂း၀၀နာရီ | (စပိန်-၆) (အီတလီ-၈) | (၇-၈-၂၀၂၂ ခြေစမ်းပွဲ) | ဖီအိုရင်တီးနား(ဧည့်) | ၁၆ | ၆ | ၄ | ၆ | ၂၄ | ၁၈ |
| " | ဂျူဂါးဒန်း - ချဲလ်ဆီး | — | ဂျူဂါးဒန်း(အိမ်) | ၃ | ၁ | ၁ | ၁ | ၁ | ၁ |
| | (ဆွီဒင်-၁၀) (အင်္ဂလန်-၅) | | ချဲလ်ဆီး(ဧည့်) | ၁၇ | ၇ | ၄ | ၆ | ၂၈ | ၂၃ |

ဖတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

## စာအုပ်စင်ကဏ္ဍ

### ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - အမွေအနှစ်ကို နံ့သာလိမ်း ပန်းပန်ရုံဖြင့် မရပါ |
| စာရေးသူ | - အိုးဝေ(မြေနီကျင်း) |
| ထုတ်ဝေသည့်စာပေတိုက် | - လင်းသန့်စာပေ(မန္တလေး) |
| တန်ဖိုး | - ၃၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - အောင်မျိုးမြတ်(မန္တလေး) |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၂၊ အောက်တိုဘာလ |



မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမ ခင်ခင်ဝင်း(ပညာရေး)၏ အမှာစာ၊ ဆရာနိုင်ကမ္ဘာ(မန္တလေးနေ့စဉ်)၊ စာရေးသူ၏ ကျေးဇူးတင်လွှာတို့နှင့်အတူ ခရီးသွားဆောင်းပါးများကို စုစည်းထုတ်ဝေထားသော စာအုပ်ဖြစ်သည်။

ဆောင်းပါး ၂၆ ပုဒ် စုစည်းထားပြီး ဖော်ညွှန်းပြဆို မြန်မာပြည်ဗဟို၊ ထူးမတောင်သို့ ဆွမ်းတစ်ချိုင့်၊ အုံ့ဖွယ်ဂုဏ်ဆောင် ဣစ္ဆာသယဇလုံတောင်၊ နေညိုချိန်တိမ်တောက် မန်လည်သို့တစ်ခေါက်၊ ပဲခူးမြစ်တစ်ဖက်ကမ်းမှ ဝန်ကြီးပဒေသရာဇာ အုတ်ဂူသို့၊ စိတ်အခိဋ္ဌာန်အောင် ဗောဓိ ငါးထောင်၊ တန်ဖိုးဖြတ်မရသော ခရီးတစ်ခုမှအပြန်၊ ဒါနပန်းများ ဝေစည်ခဲ့သည့် ချင်းရွှေပြည်၊ အိပ်မက်ထဲက ဧည့ဝတီ(ခေါ်)ရခိုင်ပြည်နှင့် ရက္ခိုင်၊ ညောင်ကန်ရွာမှ ဆရာတော် ဦးဗုဓ်(၁)၊ (၂)၊ (၃)၊ (၄)၊ လွမ်းမောစရာ ခနေဖြူခံတပ်မှအပြန်၊ အမွေအနှစ်ကို နံ့သာလိမ်း ပန်းပန်ရုံဖြင့် မရပါ၊ ပညာဝန် ဦးဖိုးကျားရွာသို့ တစ်ခေါက်၊ လမိုင်းရွာနှင့် လမိုင်းသူတို့အကြောင်း၊ ကယ်တင်ခြင်းဖြင့် ကုသိုလ်ယူပါ၊ ပြည်သူနှင့်အတူ ရေးသူဖတ်သူ စကားဝိုင်းသို့၊ စိတ်စေတနာ မမွဲတဲ့ စိတ်အာဟာရပွဲ၊ သွားကြစို့ ရက်ကန်းဆိုင်ရာ ဒီဇိုင်းပြပွဲ၊ ပြိုင်ပွဲဆီသို့၊ ဆည်းဆာချိန် မန္တလေးကြယ်ပွင့်များ၏ အောင်ပွဲ၊ လှမ်းလာခဲ့ပါ ကလေးမြို့က ကြိုနေမှာ၊ လက်တို့ပြီး လက်တွေ့သွား မြန်မာ့မီးရထား၊ မတူညီခြင်း(သို့)အတုနှင့်အစစ်၊ နန်းတော်ကျွန်းတွင် ပြောဖြစ်ခဲ့တဲ့ စကားဝိုင်းတို့ ဖြစ်သည်။

ခရီးသွားဝါသနာပါသူများ အကြိုက်တွေ့မည့်စာအုပ်ဖြစ်ရာ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

---

| | |
|---|---|
| စာအုပ်အမည် | - သကြံန်ဖူးစာနှင့် အခြားဝတ္ထုတိုများ |
| စာရေးသူ | - ဆမားဦးခင်(သေနပဂ) |
| ထုတ်ဝေသည့်စာပေတိုက် | - သုခမရင်ပြင်စာပေ |
| တန်ဖိုး | - ၆၅၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - မျိုးညီညီထွန်း |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၄၊ ဩဂုတ်လ |



ဆရာဘုန်းဇော်မိုး၊ ဥသဘာ(စာပေစေတမန်)၏ နိဒါန်းခွန်းဆင့်လွှာ အမှာစာ၊ စာရေးသူ၏ မေတ္တာစေညွှန်းလွှာ အမှာစာတို့နှင့်အတူ ဝတ္ထုတို ၃၂ ပုဒ်ကို စုစည်းထုတ်ဝေထားသောစာအုပ် ဖြစ်သည်။

ဆရာ ဆမားဦးခင်(သေနပဂ) "သေနပဂနှင့် စစ်၊ အချစ်၊ ဘဝ ရသဝတ္ထုတိုပေါင်းချုပ်စာအုပ်" နှင့် "မင်းလျှောက်သမျှလမ်း ပန်းများပွင့်စေ" ကဗျာပေါင်းချုပ်စာအုပ်တို့ ရေးသားထုတ်ဝေခဲ့ပြီး မြန်မာသံတေးသီချင်းများကိုလည်း ရေးစပ်သီကျူးသော တေးပြုစာဆိုလည်းဖြစ်ကာ ယခုထုတ်ဝေသော "သကြံန်ဖူးစာဝတ္ထုတိုများ" စာအုပ်မှာ သူ၏ တတိယမြောက်စာအုပ်ဖြစ်သည်။

ဘဝအတွေ့အကြုံ အကြောင်းအရာအစုံကို အခြေတည်၍ ပေ့ါပေ့ါပါးပါးဝတ္ထုတိုများဖြစ်ပြီး ဝတ္ထုတို နှစ်သက်သူများ သဘောကျနှစ်ခြိုက်မည့်စာအုပ်ဖြစ်ရာ မန္တလေး စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။

## ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသ

**မိုးနဲ ဧပြီ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ မိုးနဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကလေးအလုပ်သမားလျှော့နည်းပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းကို ဧပြီ ၂၉ ရက် နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဝန်ထမ်းများက လမ်းသွားလမ်းလာမိဘပြည်သူများ သိရှိစေရန် ရည်ရွယ်ပြီး ကလေးအလုပ်သမားဟု ခေါ်ရခြင်းအကြောင်းအရင်း၊ ကလေးအလုပ်သမားများ၏ ခေါင်းပုံဖြတ်ခံရမှုများ၊ ကလေးအလုပ်သမားများ မြို့နယ်တွင်းမရှိစေရေး တွေ့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများအား ဆက်သွယ်သတင်းပေးပို့နိုင်ရေးနှင့် ကျောင်းနေအရွယ်ကလေးငယ်များ ညှဉ်းပန်းနှိပ်စက်မှုမခံရစေရေးအတွက် ပြသထားရာ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

မိုးနဲမြို့နယ်ရုံးအနေဖြင့် နိုင်ငံတော်၏ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းစဉ်များ၊ သိရှိလိုက်နာဆောင်ရွက်ရမည့်အကြောင်းအရာများ၊ ဗဟုသုတရရှိမည့် အကြောင်းအရာများ၊ ဆောင်ရန်၊ ရှောင်ရန် အချက်များပါရှိသော နံရံကပ်စာစောင်များအား လစဉ် အများပြည်သူများ သိရှိစေရန် ရုံးရှေ့မြေစိုက်နံရံကပ်ပြဘုတ်၌ ပြသလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀





## သဘာဝဘေးကို အန်တုလို့ မြို့ဂုဏ်ကို မြှင့်ကြစို့

* နေကပူ မိုးကမအုံ့
မန္တလေးမြို့ရဲ့ မတ်လအဆုတ်
ရွက်ဟောင်းတို့ကြွေ ရွက်နုဝေ
ရာသီမပြောင်းတဲ့ တပေါင်းလနွေ
နေ့တစ်ဆယ့်နှစ်နာရီနှင့် ငါးဆယ့်တစ်
မြေမပဟီက တော်လည်းသံနဲ့ညံစီ
ပထမအကြိမ် လှုပ်ခါယမ်း
ပြင်းအားစကေးက ခွန် ဒသမ ခွန်နှင့်ကြမ်း
တစ်ဆယ့်နှစ်မိနစ်ခြားလို့ သူ မငြိမ်
တော်လည်းသံက ဒုတိယအကြိမ်
ပြင်းအားက သေးမသွား
ခြောက် ဒသမ လေး ဖြင့် လှုပ်ခတ်သွား ။

* အများပြည်သူ ပူဆွေးရ
နေအိမ်တိုက်တာ ဆုံးရှုံးကြ
ဆင်းရဲချမ်းသာ သူ မရွေး
ဘုရားကျောင်းကန် မချန်သေး
သူငါအသက်တွေ ပေးဆပ်ရ
ကြုံလာသမျှ ဘေးဒုက္ခ
ကံဆေးခြင်းက ကြောက်စရာ
ရတနာသုံးပါးကို မမေ့ရာ
သီလစောင်ကို လုံအောင်ထွေး
သက်ခန္ဓာတည်မြဲရေး
စိတ်စေတနာကောင်းကို မွေးမြူထား
သာသနာနှစ်ကို ကျော်လို့သွား ။

* နှစ်ထောင့်နှစ်ဆယ့်ငါးရဲ့ မတ်လခရီး
သဘာဝဘေးက တားလို့ဆီး
ငလျင်ဘေးကြောင့် စိတ်ဒဏ်ရာရ
ဝိုင်းဝန်းဖေးမ ကူညီကြ
ဝိုင်းလှူပေးတဲ့ စေတနာရှင်
ကောင်းကျိုးလိုရာ ပြည့်စေချင်
နှစ်သိမ့်ပေးခြင်းက ပထမ
စာနာခြင်းဖြင့် ကူညီကြ
စေတီပုထိုး ကျောင်းမချန်
ဝန်းရံအားဖြင့် လှူကြရန်
သဘာဝဘေးကို အန်တုလို့
မြို့ဂုဏ်ကိုလည်း မြှင့်ကြစို့ ။ ။

**အိုးဝေ(မြေနီကျင်း)**

# ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်မှ ရှင်အပါး ၁၀၀ ကို သာသနာသို့ ချီးမြှင့်

**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ တောင်စလင်းတိုက်သစ်ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သော ဥက္ကဋ္ဌ ဦးလှဝင်းနှင့် သာသနာပြုအဖွဲ့ အမှတ်စဉ်(၉၅)သည် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဇေယျာသီရိကျောင်းတွင် ယမန်နေ့ နံနက် ၁၀ နာရီက ရှင်အပါး ၁၀၀ တို့အား ရှင်သာမဏေသွတ်သွင်းခြင်းမင်္ဂလာ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဇေယျာသီရိကျောင်းဆရာတော် ဘဒ္ဒန္တဝိသေသ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်တို့ကို ဆရာတော်များက ချီးမြှင့်၍ ရေစက်ချအခမ်းအနားကို ပြုလုပ်ကြသည်။ ထို့နောက် ဆရာတော်များအား လှူဖွယ်ပစ္စည်းအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်၍ အခမ်းအနား၏ ပထမပိုင်း အစီအစဉ်များ ပြီးစီးခဲ့သည်။ ၎င်းနောက် ညနေ ၄ နာရီတွင် ရှင်အပါး ၁၀၀ နှင့် သိမ်ဝင် နှစ်ပါးတို့အား ဆံချမင်္ဂလာ ဆင်ယင်ကျင်းပပြီး သာသနာ့ဘောင်သို့ ရှင်သာမဏေများနှင့် ရဟန်းတို့အဖြစ် ချီးမြှင့်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ မြို့ခံအလှူရှင်များ၊ ဖိတ်ကြားခံဆရာတော်များ၊မော်လမြိုင်အသင်းခွဲအမှတ်(၃၂၂) ဦးမြင့်စန်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မုဒုံအသင်းခွဲမှ တာဝန်ရှိသူများ သာသနာပြုခရီးစဉ် လိုက်ပါလာသူ ၂၀ ဦးတို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ဝံပုံ) (၀၄၉)**





# ဆုံစည်းရာ အရက်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း (၂၀၁)ကြိမ်မြောက် ဆွမ်းလောင်းလှူ

**မန္တလေး ဧပြီ ၃၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ လမ်း၆၀နှင့် ၂၈ လမ်းထောင့် မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာအရုဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၂၀၁)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါအသင်းရုံးရှေ့၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့် အသင်းဝင်လူငယ်မောင်မယ်များက လေးပြင်၊ လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အရုဏ်ဆွမ်း၊ ကြာဆံကြော်နှင့် ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူကြသည်။ **(အပေါ်ပုံ)**

(၂၀၁)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကြီး အောင်မြင်နိုင်ရေးအတွက် အလှူရှင် ကိုထိုက်+မမီးမီး(ရွှေတံ့မဏီစံအိမ်)မိသားစု၊ ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ ဆရာမကြီး ဒေါ်နုနုရီ (CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့် (စတီးဆိုင်၊ ၂၆လမ်း မိသားစု)၊ ဒေါ်မမ(ပတ္တမြားသုခ) မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း + ဒေါ်ခင်ဝင်းကြည် (ရွှေဖားလေးခြံ)မိသားစု၊ ပွင့်ဖူး သွားနှင့် ခံတွင်းဆေးခန်းမိသားစု၊ ရှမ်း၌အနေ စားသောက်ဆိုင်မိသားစု၊ ဖခင်ကြီး ဦးကိုးအောင် + မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့် သားတပည့်များ၊ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်) ကဖေးမိသားစု၊ ကိုစိုင်း(ရွှေပန်းထိမ်) မိသားစု၊ ဒေါ်အုန်းအုန်းသွယ်အား ရည်စူး၍ ဦးကိုလေး၊(သမီး) မပွင့်ရည်ဦး မိသားစု၊ ကိုမောင်ထူး (စန္ဒီဆေးဆိုင်)မိသားစုတို့က မ, တည်လှူဒါန်းခဲ့ကြကြောင်းနှင့် အဆိုပါအသင်းကြီးသည် လစဉ်မြန်မာလဆန်း(၃)ရက်နေ့တိုင်း ဆွမ်းလောင်းလှူလျက်ရှိရာ ပါဝင်လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၄၀၂၅၃၀၃၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံအတွက် အာမခံလျော်ကြေး ငွေကျပ် သိန်း ၅၀၀ ကို GWI မှ ပေးအပ်

**မန္တလေး ဧပြီ ၃၀**

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံအတွက် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ GWI မှ အာမခံလျော်ကြေးငွေ ပေးအပ်ပွဲကို ဧပြီ ၂၈ ရက်က မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်၊ ကွဲဆည်ကန်၊ ၁၀ လမ်းရှိ အဆောက်အအုံပိုင်ရှင်၏နေအိမ်တွင် ကျင်းပသည်။ **(ယာပုံ)**

လျော်ကြေးငွေပေးအပ်ပွဲတွင် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက အာမခံလျော်ကြေးပေးရခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီအနေဖြင့် ငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ကုမ္ပဏီသို့ အာမခံထားရှိသူများက ဝယ်ယူထားသည့် အာမခံအမျိုးအစားအလိုက် လျော်ကြေးငွေများကို မြန်ဆန်စွာ လိုက်လံပေးအပ်ချက်ရှိကြောင်း၊ လျော်ကြေးဆိုတာထက် ပြန်လည်ထူထောင်ရေးမှာ တစ်ဖက်တစ်လမ်းကနေ ပံ့ပိုးကူညီတယ်လို့ သဘောထားခြင်းဖြစ်ကြောင်း၊အာမခံလျော်ကြေး အနည်း၊ အများပမာဏကို ပျက်စီးဆုံးရှုံးမှုအခြေအနေပေါ်မူတည်၍ အာမခံထားသူများက အမှန်တကယ် ရသင့်ရထိုက်သည့် ပမာဏဖြစ်စေရန် စိစစ်တွက်ချက်ဆောင်ရွက်ပေးနေကြောင်း ရှင်းလင်းပြောကြားခဲ့သည်။




ထို့နောက် ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ၏ မိတ်ဖက်ကိုယ်စားလှယ် ဦးမင်းသူကိုနှင့် အဆောက်အအုံပိုင်ရှင် ဦးတင်ထွန်းအောင်ကလည်း ယခုကဲ့သို့ အာမခံလျော်ကြေးငွေကို မြန်ဆန်စွာဖြင့် ပေးအပ်မှုအပေါ် အထူးကျေးဇူးတင်ကြောင်း ပြောကြားကြသည်။

ဆက်လက်၍ ဂလိုဘယ်ဝေါလ်အာမခံကုမ္ပဏီ GWI မှ တာဝန်ရှိသူများက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်အဆောက်အအုံပိုင်ရှင်အား အာမခံလျော်ကြေးငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၇၀)**

# မန္တလေးတိုင်းဒေသကြီး၊ ပလိပ်မြို့၊ စိတ္တရရွာ ငလျင်ဒဏ်သင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ဆိုလာမီးသီးများ ထောက်ပံ့လှူဒါန်း

**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ပလိပ်မြို့၊ စိတ္တရရွာ ငလျင်ဒဏ်သင့်ပြည်သူများအား ဧပြီ ၂၈ ရက်က ထောက်ပံ့ငွေနှင့် ဆိုလာမီးသီးများအား ထောက်ပံ့လှူဒါန်းခဲ့သည်။ **(အောက်ပုံ)**

ထောက်ပံ့လှူဒါန်းမှုတွင် အမေရိကန်နိုင်ငံရောက် မြန်မာပြည်သူ၊ ပြည်သားများ SACRAMENTO MYANMAR COMMUNITY CALIFORNIA မှ လှူဒါန်းမှုအား အလှူရှင်များကိုယ်စား မန္တလေး ဂီတချစ်မြတ်နိုးသူများအဖွဲ့မှ ဦးမောင်မောင်ချိုနှင့်အဖွဲ့က အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀ နှင့် တစ်သောင်းရှစ်ထောင်ကျပ်တန် ဆိုလာမီးသီးတစ်လုံးစီကို အိမ်ထောင်စု ၄၁ စုအား ထောက်ပံ့လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်မင်းသော်**



# မဟာအောင်မြေမြို့နယ်၊ ကမ်းနားလမ်း ဇရာထွန်းတိုက်ခန်းမှ ငလျင်ဘေးသင့်အိမ်ထောင်စုများအား ဆန်နှင့် ပစ္စည်းများ ထောက်ပံ့

**မန္တလေး ဧပြီ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ အုတ်ကျင်းရပ်ကွက်၊ ကမ်းနားလမ်း ဇရာထွန်းတိုက်ခန်းမှ ငလျင်ဘေးသင့်အိမ်ထောင်စု ၁၃၁ စုအတွက် အိမ်ထောင်စုတစ်စုလျှင် ဆန်ငါးပြည်အိတ်တစ်အိတ်၊တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းတစ်ပုံး၊ တာပေါ်လင်တစ်ချပ်၊ Foodpackage 1kit(china) ငါးလီတာတစ်အိတ်(စင်ကာပူ)တို့ကို ဧပြီ ၂၈ ရက်က ငလျင်ယာယီ ကယ်ဆယ်ရေးစခန်းတွင် ပေးအပ်ခဲ့သည်။

ထို့ပြင် အိမ်ထောင်စုတစ်စုလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၃၁ စုအတွက် ငွေကျပ် ၆၅၅၀၀၀၀ ကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည်။ ထိုသို့ ထောက်ပံ့ရာတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ ငလျင်တုံ့ပြန်ဆောင်ရွက်ရေးအတွက် အားဖြည့်ကူညီနေသော မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးတို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ၊ Deployment Team တို့ပူးပေါင်းဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသို့ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းသော ကူညီကယ်ဆယ်ရေးပစ္စည်းများကို ငလျင်ဘေးဒဏ်ခံစားရသော ရပ်ကွက်များသို့ လက်ဝယ်အရောက် ပေးအပ်နိုင်ရန် အသင်းအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ) (၀၄၅)**



# လုပ်သားတို့စွမ်းရည် ကုန်တင်၊ ကုန်ချလုပ်အားများဆီ

အလုပ်သမား(Worker)ဆိုသည်မှာ လုပ်အားဖြင့် (သို့မဟုတ်) စွမ်းရည်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ လစာ(သို့မဟုတ်)လုပ်ခ၊ လခကို ရယူကာ စီးပွားရေး၊ လူမှုရေး နည်းပညာဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူများကို ရည်ညွှန်း၍ အဓိပ္ပာယ်ဖွင့်ဆိုလိုက်ပါသည်။ အလုပ်သမား အမျိုးအစားများအား-

(က) ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်သားများ (ဥပမာ- စက်ရုံအလုပ်သမား၊ ချုပ်သမား)
(ခ) စိုက်ပျိုးရေးလုပ်သားများ(ကျေးလက်ဒေသမှ လယ်သမား၊ လယ်လုပ်သား)
(ဂ) ကျွမ်းကျင်လုပ်သားများ (အင်ဂျင်နီယာ နည်းပညာသမား)
(ဃ) အခြေခံလုပ်သားများ (အဆောက်အအုံလုပ်သား) ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ကျရောက်မည့် (၈၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ကို ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားလိုက်ပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အလုပ်သမားများ၏ အလုပ်လုပ်ကိုင်ခွင့်၊ အလုပ်သမားများရပိုင်ခွင့်၊ သက်သာချောင်ချိရေးအပိုင်း၊ လူမှုအဆင့်အတန်း မြင့်မားစေရေးအတွက် အလုပ်သမားဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိ၍ အလုပ်သမားများနှင့်စပ်လျဉ်း၍ အောက်ပါဦးစီးဌာနများကို ဖွဲ့စည်းခဲ့သည်ဟု ကြားသိရှိခဲ့ရပါသည်-

(က) အလုပ်သမားညွှန်ကြားမှုဦးစီးဌာန။
(ခ) လူမှုဖူလုံရေးဦးစီးဌာန။
(ဂ) ဗဟိုပြည်တွင်း ကုန်တင်၊ ကုန်ချကော်မတီရုံး။
(ဃ) အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန။
(င) အလုပ်သမားဆက်ဆံရေးဦးစီးဌာန။

ဆောင်းပါးရှင်အနေဖြင့် ယခုတာဝန်ထမ်းဆောင်နေသည်မှာ အခြေခံအလုပ်သမားများဖြစ်သည့် ကုန်တင်ကုန်ချလုပ်သားများ၏ ဘဝကို ရနိုင်သည့်အထောက်အထားစုစည်း၍ ထပ်မံဂုဏ်ပြုရေးသားရခြင်း ဖြစ်ပါသည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဒ်မ(၁၈၈) ဇယား (၂) အပိုဒ်(၇) အပိုဒ်ခွဲ(ဃ)အရ ပြည်နယ်တိုင်းဒေသကြီးအစိုးရလက်အောက်သို့ အလုပ်သမားဝန်ကြီးဌာန ဦးစီးဌာန ငါးခုရှိသည့်အနက် ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံးအား (၁၉၈၈ ခုနှစ်၊ ဇွန်လ)၌ ဖွဲ့စည်းတည်ထောင်ခဲ့သည်ဟု သိရှိရသော်လည်း ယခုနောက်ပိုင်းတွင် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရလက်အောက်သို့ (၂၀၁၅ ခုနှစ်၊ ဧပြီလ)တွင် လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။ ယခုအခါ ကရင်ပြည်နယ် အစိုးရအဖွဲ့ စီမံခန့်ခွဲမှုလက်အောက်ရှိ (ဘားအံ၊ ကော့ကရိတ်၊ မြဝတီ)မြို့နယ်သုံးခု၏ ကုန်တင်၊ ကုန်ချလုပ်ငန်းများအား ပြည်နယ်ဝန်ကြီးချုပ်မှ ဦးဆောင်၍ (လူမှုရေး၊ တိုင်းရင်းသားရေးရာ၊ သယံဇာတရေးရာ) ပြည်နယ်ဝန်ကြီး အဆင့်ဆင့်ပြောင်းလဲကြီးကြပ် အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

အခန်းကဏ္ဍနှင့် အရေးပါမှုများတွင် လုပ်သားများ၏ လုပ်အားဖြင့် ဖော်ဆောင်နိုင်သော နိုင်ငံတစ်နိုင်ငံ၏ အဓိကလုပ်ငန်းစီးပွားရေးဖြစ်သည့် ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ စိုက်ပျိုးရေးတို့တွင် လုပ်သားများ၏ လုပ်အားကို အကောင်းဆုံး ပုံဖော်နိုင်သည့် အင်အားစုတစ်ခုဖြစ်သည်။ လုပ်သားတစ်ဦး၏ လုပ်အားဖြင့် ရရှိလာသည့် လုပ်ခဝင်ငွေအပေါ် မူတည်၍ မိမိတို့မိသားစု နေထိုင်မှု ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များအား ဖြေရှင်းနိုင်ပြီး လုပ်အားတိုင်းအပေါ် မူတည်၍ တာဝန်ကျေသောဝန်ထမ်းများအဖြစ် သတ်မှတ်၍ အဓိပ္ပာယ်ဖွင့်ဆိုအပ်ပါသည်။

ကရင်ပြည်နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး၊ ဘားအံမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး၊ ကော့ကရိတ်မြို့နယ်၊ မြဝတီမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး၊ စုစုပေါင်းသုံးရုံးတို့ဖြင့် ယနေ့ထိ ဆောင်ရွက်ဆဲဖြစ်ပါသည်။ ကရင်ပြည်နယ်အစိုးရအဖွဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သယံဇာတရေးရာ ဝန်ကြီးဌာနလက်အောက်တွင် လည်ပတ်ဆောင်ရွက်လျက်ရှိသည်။ ကုန်တင်၊ ကုန်ချကော်မတီရုံးသည် နိုင်ငံတော်၏ ကုန်စည်စီးဆင်းမှုလုပ်ငန်းများ မှန်ကန်မြန်ဆန်ရေး၊ အလုပ်သမားများ၏ လူ့အင်အားကို စနစ်တကျ အကျိုးရှိစွာ အသုံးချရေး၊ လုပ်အားနှင့်အညီ လုပ်ခအပြည့်အဝရရှိစေရေး၊ အလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့် အကျိုးခံစားခွင့်များ ရရှိစေရေးနှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက်ကောင်းမွန်စေရေး၊ လုပ်ငန်းများစနစ်တကျရရှိရေး၊ လုပ်ခရန်ပုံငွေ အလေအလွင့်မရှိစေရေး၊ ငွေကြေးအလွဲသုံးစားမှုမဖြစ်စေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းကာ မတော်တဆထိခိုက်မှုများ မဖြစ်စေရေးနှင့်



အဓိကကျသော လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းမှုရှိရေးတို့အား အလေးထား ဆောင်ရွက်လျက်ရှိပြီး ထိုလုပ်ငန်းစဉ်များအား မြို့နယ်အားလုံးသိရှိပြီး တစ်ပြေးညီ လိုက်နာဆောင်ရွက်စေရေး အဆင့်ဆင့်ကြီးကြပ်ကွပ်ကဲမှုတွင် တာဝန်ရှိသူများအား မိမိတာဝန် မိမိသိရှိပြီး လိုက်နာဆောင်ရွက်သွားကြရန်၊ လိုအပ်သည့် တည်မြဲမိန့်အား အလုပ်သမားဝန်ကြီးဌာနမှ ပြည်တွင်းကုန်တင်၊ကုန်ချ အလုပ်သမားများစောင့်ရှောက်ရေး စည်းမျဉ်း၊ ဥပဒေများအပိုဒ်(၆)ဖြင့် လုပ်ပိုင်ခွင့်များ အပ်နှင်းထားချက်အရ တည်မြဲမိန့်အား ပြဋ္ဌာန်းပေးထားခဲ့သည်။

ထိုအချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) လုပ်သားအင်အားနှင့် ဂိုဏ်းဖွဲ့၊ ဂိုဏ်းချခြင်း။
(ခ) ကြီးကြပ်ကွပ်ကဲခြင်း။
(ဂ) လုပ်ငန်းခွင်ဘေးအန္တရာယ် တည်ငြိမ်အေးချမ်းရေးနှင့် မတော်တဆ ထိခိုက်မှုမဖြစ်စေရေးအတွက် စနစ်တကျဆောင်ရွက်ခြင်း။
(ဃ) အလုပ်သမား သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
(င) လုပ်ခရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် လုပ်ခနှုန်းထားသတ်မှတ်ခြင်းနှင့် လုပ်ခခွဲဝေပေးခြင်း ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ခြင်း။
(စ) လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး တိုင်စာ၊ ပစ်စာများ လျော့နည်းပပျောက်ရေး။
(ဆ) လုပ်ငန်းခွင် စည်းကမ်းသတ်မှတ်ခြင်းနှင့် အပြစ်ပေး အရေးယူခြင်း စသည့်အချက်များဖြင့် ဝန်ထမ်းများ လုပ်ငန်းခွင်ပျော်ရွှင်ရေး အလေးထားပြီး ဆောင်ရွက်ခဲ့ကြသည်။

စာရေးသူ လုပ်ကိုင်ဆောင်ရွက်နေသော ကရင်ပြည်နယ် ကုန်တင်၊ ကုန်ချကော်မတီရုံးလက်အောက်ရှိ ဘားအံမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး၊ ကော့ကရိတ်မြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး၊ မြဝတီမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး လုပ်သားအင်အား စုစုပေါင်း ၄၅၀ ဦးတို့ဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးဝင်ပေါက်တစ်ခုဖြစ်သည့် မြဝတီမြို့နယ် ကုန်သွယ်ရေးစခန်းတွင် ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျွန်မတို့ ကုန်တင်၊ ကုန်ချကော်မတီရုံးဝန်ထမ်းများ၏ လုပ်အားသည် မပါမဖြစ် အားထားရသော ဌာနတစ်ခုဖြစ်သည်။ စနစ်တကျယူနီဖောင်းများ သေသပ်စွာ ဝတ်ဆင်၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ကာယ အသုံးပြု၍ လုပ်ကိုင်ဆောင်ရွက်နေသော အလုပ်သမား၊ ဉာဏ်ပညာဖြင့် စုပေါင်းလုပ်ကိုင်နေသော ဉာဏလုပ်သားများဖြင့် လုပ်ကိုင်ကြပြီး စနစ်တကျ ဖွဲ့စည်းထားသော လုပ်အားတစ်ရပ်ရရှိနိုင်သော ဌာန၊ ရုံးတစ်ရပ်ဖြစ်ပါသည်။ ကော်မတီအဆင့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် အလုပ်သမား၊ အလုပ်သမားမှူး၊ လုပ်သားစုမှူး၊ စောင့်ရှောက်ရေးမှူး အဆင့်ဆင့်၊ ထို့နောက် အစိုးရအဖွဲ့မှ ခန့်အပ်ထားသော တာဝန်ခံအရာရှိမှ အုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်စေခဲ့ပါသည်။ လုပ်ငန်းအပေါ်တွင် နောင်ရေးအကျိုးခံစားခွင့်များ မှန်ကန်စွာ ရရှိနိုင်ရေးတို့အပြင် လုပ်သက်ရရှိပြီး လုပ်သားကြီးအပေါ်၌ လုပ်သက်ငါးနှစ်ပြည့်ပြီး လုပ်သားသက်ပြည့်လုပ်သားများအား ကရုဏာကြေးအဖြစ် ပြန်လည်ပေးအပ်ခဲ့သည်။ ကုန်တင်၊ ကုန်ချကော်မတီရုံး ဖွဲ့စည်းထားခဲ့သည်မှာ ယခုဆိုလျှင် ဘားအံ နှစ် ၅၀၊ ကော့ကရိတ် နှစ် ၄၀၊ မြဝတီ ၂၃ နှစ် တာဝန်ထမ်းဆောင်နေကြသည့် လုပ်သားကြီးများ၏ ရင်တွင်းစကားသံအချို့အား ယခုကျရောက်မည့် ကမ္ဘာ့အလုပ်သမားနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖော်ပြပေးလိုက်ပါသည်။

ဘားအံမြို့နယ် ကုန်တင်ကုန်ချကော်မတီရုံးမှ

ကျွန်တော်လုပ်သက် ၂၆ နှစ်ရှိပါပြီ။ လုပ်သားစုမှူး တာဝန်ယူထားပါတယ်။မြိုင်ကလေးဘိလပ်မြေစက်ရုံ ကုန်တင်၊ ကုန်ချရုံး ဌာနခွဲမှာပါ။ ကျွန်တော်တို့က နံနက် ၆ နာရီခွဲမှာ လုပ်သားများ လူစစ်တန်းစီပါတယ်။ နံနက် ၇ နာရီမှာ ဘိလပ်မြေစက်ရုံလုပ်ငန်းခွင်ကို ဝင်ရောက်ပါတယ်ခင်ဗျ။ စက်ရုံလည်ပတ်သည့်အချိန်၊ ထွက်သည့်တန်ချိန်၊ ပြီးစီးသည့်အချိန်ထိ လုပ်ကိုင်ဆောင်ရွက်ရပါတယ်ခင်ဗျ။

**ကိုထွန်းထိုက်(လုပ်သားစုမှူး)**

မြိုင်ကလေး ဘိလပ်မြေစက်ရုံ၊ ကော့ကရိတ်မြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံး ကျုံဒိုးဌာနခွဲမှ

ကျွန်တော်ကတော့ ကျုံဒိုးဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသူပါခင်ဗျ။ ယခင်ကလည်း မိဘလက်ငုတ် လက်ရင်းလုပ်ကိုင်ခဲ့သည့် လုပ်ငန်းဖြစ်၍ အမွေဆက်ခံသည့်အနေဖြင့် သား၊သမီး၊ဇနီးမိသားစု ငါးဦးနှင့်အတူ ဒေသလုပ်ငန်းများဖြစ်သည့် စားသောက်ကုန်လုပ်ငန်း၊ အိမ်ဆောက်ပစ္စည်းလုပ်ငန်းဆောင်ရွက်ရင်း မကြာသေးမီက အထက်လူကြီးများစီစဉ်ပေးသည့် တံတားကျိုး ကုန်တင်၊ ကုန်ချလုပ်ငန်းများပါ ပူးတွဲလုပ်ကိုင်ရ၍ မိသားစုစားဝတ်နေရေး ပြေလည်ခဲ့သော်လည်း ယခုအခါ ဒေသတွင်း နိုင်ငံရေးအခြေအနေတည်ငြိမ်မှု အားနည်း၍ လုပ်ကိုင်ရသည့်လုပ်ငန်း နည်းပါးခဲ့ရပါသည်။

**စိန်မြင့်(အလုပ်သမားမှူး)**

မြဝတီမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံးမှ

ကျွန်မကတော့ ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၇ ရက်မှ စတင်ပြီး အလုပ်ဝင်ရောက်ခဲ့ပါတယ်။ အခုဆို ကျွန်မလုပ်သက် ၂၂ နှစ်အထိ ရှိခဲ့ပါပြီ။ ကျွန်မ ၂၀၀၃ ခုနှစ်က စတင်ပြီး ကုန်ထမ်းတဲ့အလုပ်လုပ်ပြီး ကျွန်မမိသားစုရဲ့ စားဝတ်နေရေးအထွေထွေကို ကျွန်မဝင်ငွေတစ်ခုတည်းနဲ့ ရပ်တည်ခဲ့တာပါ။ ဒီအလုပ်က ကျွန်မရဲ့ အသက်မွေးဝမ်းကျောင်းအလုပ်ပါ။

**ဒေါ်အေးမိုး(အလုပ်သမား)**

မြဝတီမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံးမှ

ကျွန်တော်ကတော့ မြဝတီမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံးမှာ ဝန်ကြီးဌာနလက်ထက်မှာကတည်းက လုပ်ကိုင်လာတာပါ။ အခုကတော့ ကျွန်တော် စောင့်ရှောက်ရေးမှူးရာထူးနဲ့ပါ။ ကျွန်တော်တို့ အလုပ်စဝင်ကတည်းကဆို လုပ်ခအထိုက်အလျောက်နဲ့က မိသားစုစားဝတ်နေရေး အဆင်ပြေပါတယ်။ ဒီအလုပ်မှာကတော့ ကျွန်တော်တို့ဘဝတွေ ရပ်တည်လုပ်ကိုင်ခဲ့တဲ့ လုပ်ငန်းကောင်းတစ်ခုပါခင်ဗျ။

**ဦးအောင်မင်း(စောင့်ရှောက်ရေးမှူး)**

မြဝတီမြို့နယ် ကုန်တင်၊ ကုန်ချ ကော်မတီရုံးမှ

ကျွန်တော်ကတော့ မြဝတီမြို့နယ် ကုန်တင်၊ကုန်ချကော်မတီရုံးက အလုပ်သမားမှူးတစ်ယောက်ပါ။ ကျွန်တော်တို့ နေ့စဉ် ကုန်တင်၊ကုန်ချလုပ်ငန်းများအနေဖြင့် မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၂)နှင့် မြဝတီမြို့ ကုန်သွယ်ရေးဇုန်တို့မှာ လုပ်ငန်းများ တစ်ဆိုင်းငါးဦးနှုန်းဖြင့် အလှည့်ကျစနစ်ကျင့်သုံးပြီး လုပ်ကိုင်ဆောင်ရွက်ပါတယ်။ ကျွန်တော် စပြီး ဒီလုပ်ငန်းကိုလုပ်တော့ လုပ်အားခအနေဖြင့် ၆၂၀၀ ရခဲ့ပါတယ်။ မိသားစုကိုလည်း ဆယ်စုနှစ်ကာလအပိုင်းအခြားအထိ တာဝန်ကျေစေတဲ့လုပ်ငန်းပါခင်ဗျ။ ကျေးဇူးတင်ပါတယ် ခင်ဗျ။

**ကိုညွန့်ဝင်း(အလုပ်သမားမှူး)**

မြဝတီမြို့နယ် ကုန်တင်၊ ကုန်ချကော်မတီရုံးမှ

ကျွန်တော်ကတော့ အလုပ်သမားမှူးတစ်ယောက်ပါ။ ကျွန်တော်တို့ ကုန်တင်၊ ကုန်ချလုပ်ငန်းတွေက များသောအားဖြင့် သွင်းကုန်များတယ်ပေါ့နော်။ ကျွန်တော်တို့အနေနဲ့ များသောအားဖြင့် တိုင်ကီပုံး၊ ဆိုင်ကယ်အပိုပစ္စည်း၊ သကြားအိတ်၊ ကားတာယာ၊ ထမင်းပေါင်းအိုးစတဲ့ကုန်တွေကို ထမ်းပိုးရတာပါ။ ကျွန်တော်တို့ လုပ်အားခကတော့ ပုံမှန်မရှိပါဘူး။ ကုန်အရေအတွက်၊ ယာဉ်အစီးအရေအတွက်ပေါ် မူတည်ပြီး နေ့ထွက်လုပ်အားခ ရတာပေါ့။

**ကိုဇော်လင်းအောင်(အလုပ်သမားမှူး)**

**လုပ်အားကို အရင်းတည်သည်**
**တို့လုပ်သားများ မှီခိုနေရာ**
**ဤနေရာမှ နိုင်ငံ့စွမ်းအား**
**တစ်ဖက်ထားလို့ ကြိုးစားဆောင်မည်**
**အလုပ်သမားဂုဏ်ရည်။**

နိုင်ငံတော်၏ အခွန်အခရရှိစေသည့် တရားဝင်ကုန်သွယ်မှုလမ်းကြောင်း ဝင်ပေါက်တစ်ခုဖြစ်သည့် ကရင်ပြည်နယ် ကုန်တင်၊ ကုန်ချကော်မတီရုံးနှင့် (ဘားအံ၊ ကော့ကရိတ်၊ မြဝတီ)ဆောင်ရွက်လုပ်ကိုင်နေကြသည့် ကာယကို အရင်းတည်၍ လုပ်ကိုင်ရသော လုပ်သားများ၊ ဉာဏကို အရင်းတည်၍ လုပ်ကိုင်နေကြသည့် လုပ်သားထုကြီး၏ ဒို့တာဝန်အရေးသုံးပါး၊ ဦးတည်ချက်ကိုးရပ်တို့ကို တစ်ဖက်တစ်လမ်းမှ ဦးထိပ်ပန်ဆင်၍ ၂၀၂၅ ခုနှစ် မေ ၁ ရက်တွင် ကျရောက်မည့် (၈၇) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အား ဤဆောင်းပါးဖြင့် မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။

**ကျမ်းကိုး။**

**- ဗဟိုပြည်တွင်းကုန်တင်၊ ကုန်ချကော်မတီရုံးတည်မြဲ အမိန့်စာအုပ်**

ပိုပိုအောင်

# လက်ဝတ်ရတနာရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများ ခိုးယူသူအား ရဲတပ်ဖွဲ့က ကိုးရက်အတွင်း ဖမ်းဆီးရမိ

**မန္တလေး ဧပြီ ၃၀**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ လမ်း ၇၀နှင့် ၇၁လမ်းကြား၊ ၃၂(B) လမ်းရှိ ခုနစ်လွှာတိုက်ခန်းမြေညီထပ်နေ ဒေါ် ---(၄၇နှစ်)အရောင်းအဝယ် လုပ်ကိုင်သူသည် အစ်မဖြစ်သူ ဒေါ် --- နှင့်အတူ နေထိုင်လျက် ရှိရာ ညဘက်တွင် လျှော်ဘေးကြောက်သဖြင့် အဆိုပါအခန်းအမှတ်နှင့် မျက်နှာချင်းဆိုင်လမ်းတစ်ဖက်ရှိ တိုက်ခန်းမြေညီထပ်တွင် သွားရောက်အိပ်ခဲ့ပြီး အထပ်ခိုးပေါ်တွင် ၎င်းနှင့်အစ်မများ ပိုင်ဆိုင်သော ရွှေထည်လက်ဝတ်ရတနာပစ္စည်းများအား ကျောပိုးအိတ်အတွင်း ဘူးနှစ်ဘူးအား ဂျပ်ဖာတစ်ခုဖြင့် ထည့်ထားပြီး ငွေကျပ်သိန်း ၂၀၀၀ အားပီနံအိတ်ဖြင့် ထည့်၍ ဧပြီ ၃ ရက်တွင် သိမ်းဆည်းထားရှိခဲ့သည်။ ဧပြီ ၁၈ ရက် ည ၉ နာရီခန့်တွင် ငွေနှင့်လက်ဝတ်ရတနာရွှေထည်ပစ္စည်းများထားရှိသော အထပ်ခိုးပေါ်သို့ ပစ္စည်းများ စစ်ဆေးရန် ၎င်းမှ တက်ကြည့်ခဲ့ရာ ပီနံအိတ်အတွင်း ထည့်ထားသော ငွေကျပ်သိန်း ၂၀၀၀ နှင့် ကျောပိုးအိတ်အတွင်း ထည့်ထားသော လက်ဝတ်ရတနာ ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးသိန်း ၂၃၅၄ ကျပ်ခန့် စုစုပေါင်း ငွေသားနှင့် ရွှေထည်ပစ္စည်းမျိုးစုံတန်ဖိုး သိန်း ၄၃၅၄ ကျပ်ခန့်တို့မှာ ပျောက်ဆုံးနေသဖြင့် ဧပြီ ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဒေါ် - - - မှ တရားလိုပြုလုပ် တိုင်တန်း ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်း (ပ)၆၄/၂၀၂၅၊ရာဇသတ်ကြီးပုဒ်မ-၃၈၀ ဖြင့် အမှုရေးဖွင့်စုံစမ်း ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

အမှုနှင့်ပတ်သက်၍ တိုင်းမှူးခင်းအကူဌာနစုမှ ရဲမှူး ရဲစိုးဝင်း၊ ဒုရဲမှူး ဝေယံပိုင် ဦးစီးအဖွဲ့သည် အမှတ်(၃)နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မောင်မောင်ဇော် ဦးစီးအဖွဲ့နှင့် ပူးပေါင်း၍ အခင်းဖြစ်ရပ်စစ်ဆေးခြင်း၊ တရားလိုနှင့်သက်သေများအားစစ်ဆေးခြင်း၊ အခင်းဖြစ်နေအိမ်နှင့် ဘေးပတ်ဝန်းကျင်ရှိ CCTV မှတ်တမ်းများအား ကြည့်ရှုစစ်ဆေးခဲ့ရာ အခင်းဖြစ်နေအိမ်မြေညီထပ် မှန်တံခါးရှိ နတ်များမှာ ပြုတ်ထွက်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အဆိုပါနေအိမ်ဘေးရှိ ဆောက်လက်စ အဆောက်အအုံတွင် လုပ်ကိုင်နေသော အလုပ်သမားများအား စစ်ဆေးရာ ပန်းရန်လုပ်ငန်းလုပ်ကိုင်သူများအနက်မှ လွင်ကိုဦးအား ဧပြီ ၁၈ ရက် ညပိုင်းတွင် ပျောက်ဆုံးနေကြောင်း စိစစ်သိရသည်။ ၎င်းနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ရာ နေရပ်လိပ်စာအား အတိအကျ မသိရှိရသဖြင့် ၎င်းကိုင်ဆောင်သည့် ၀၉--- ဖုန်းနံပါတ်နှင့်ပတ်သက်၍ Location သိရှိနိုင်ရေး မေးမြန်းစုံစမ်းခဲ့ရာ ဖုန်း Location မှာ ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၁)ရပ်ကွက်အတွင်းရှိ တာဝါတိုင်အား ပြသနေသဖြင့် မသင်္ကာတရားခံ လွင်ကိုဦးအား ဖမ်းဆီးရမိနိုင်ရေး နေပြည်တော်ရဲတပ်ဖွဲ့၊ တိုင်းမှူးခင်းအကူဌာနစုမှ ဒုရဲမှူး တင်အောင်ထွန်းထံသို့ ဧပြီ ၂၀ ရက် ည ၇ နာရီခွဲတွင် လွင်ကိုဦးနှင့်ပတ်သက်၍ ကူညီစုံစမ်းပေးရန် အကြောင်းကြားခဲ့သည်။

အမှုနှင့်ပတ်သက်၍ တရားခံအား ဖော်ထုတ်ဖမ်းဆီးရမိရေး တိုင်းမှူးခင်းအကူဌာနစုမှ ရဲအုပ် ကျော်ထက်အောင် ဦးစီးအဖွဲ့အား လွင်ကိုဦးနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် တာဝန်ပေးအပ်ခဲ့ရာ လွင်ကိုဦးမှာ တပ်ကုန်းမြို့နယ်၊ လက်ပံကျေးရွာတွင် နေထိုင်ကြောင်း စုံစမ်းသိရှိရသဖြင့် ရဲအုပ်ကျော်ထက်အောင် ဦးစီးအဖွဲ့သည် ဧပြီ ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရဲတပ်ဖွဲ့၊ တိုင်းမှူးခင်းအကူဌာနစုမှ ဒုရဲမှူး တင်အောင်ထွန်းဦးစီးအဖွဲ့၊ တပ်ကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အေးမင်းဦး ဦးစီးအဖွဲ့တို့နှင့်ချိတ်ဆက်၍ တပ်ကုန်းမြို့နယ်၊ လက်ပံကျေးရွာအုပ်စု၊ လက်ပံကျေးရွာသို့ သွားရောက်ပြီး ပြစ်မှုကျူးလွန်သူ လွင်ကိုဦး၏နေအိမ်အား ဧပြီ ၂၆ ရက် ည ၇ နာရီခွဲတွင် ဝင်ရောက်ရှာဖွေရာ လွင်ကိုဦး၏ ဇနီး မသင်းသင်းစိုးအား တွေ့ရှိရသဖြင့် ပူးပေါင်းအဖွဲ့မှ အသေးစိတ်စစ်ဆေးခဲ့ရာ လွင်ကိုဦးသည် ဧပြီ ၁၉ ရက်တွင် ၎င်းနှင့်တပ်ကုန်းမြို့တွင်တွေ့ဆုံပြီး ပြစ်မှုကျူးလွန်ရာတွင်ရရှိသည့်ငွေဖြင့် KENBO 125 အနက်ရောင် ဆိုင်ကယ်တစ်စီးအား ငွေကျပ် ၃၈၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ ပြစ်မှုကျူးလွန်ရာတွင်ရရှိခဲ့သည့် ငွေစက္ကူထည့်ထားသည့် ဆာလာအိတ်ထုပ်နှင့် ရွှေထည်ပစ္စည်းများအား ၎င်းတို့ ဇနီးမောင်နှံနှစ်ဦးမှ ဆိုင်ကယ်ဖြင့် တင်ဆောင်၍ လက်ပံကျေးရွာရှိ နေအိမ်သို့ ယူဆောင်လာခဲ့သည်။ ဧပြီ ၂၀ ရက်တွင် လွင်ကိုဦးမှာ ကျေးရွာမှ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ ဧပြီ ၂၁ ရက်တွင် ၎င်းမှ ဖခင် ဖြစ်သူ ဦး - - - ၊ ခဲအိုတော်စပ်သူ - - - ၊ ညီမတော်စပ်သူ - - - တို့နှင့်အတူ လက်ပံကျေးရွာ၏



ခိုးမှုကျူးလွန်သူတရားခံ



ခိုးရာပါပစ္စည်းများအား သိဝှက်သိမ်းဆည်းထားရှိသည့် တရားခံများ



ပြန်လည်သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများ

အနောက်ဘက် တစ်မိုင်ခန့်အကွာ၊ တောင်ကုန်းပေါ်တွင် ကျင်းတူး၍ ငွေစက္ကူပီနံအိတ်ထုပ်နှင့် ရွှေထည်များအား မြှုပ်နှံထားရှိခဲ့ကြောင်း စစ်ဆေးသိရှိရသည်။

မသင်းသင်းစိုး၏ထွက်ဆိုချက်အရ ပူးပေါင်းအဖွဲ့မှ လက်ပံကျေးရွာ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ တောင်ကုန်းပေါ်တွင် ကျင်းတူး၍ မြှုပ်နှံထားသည့် သက်သေခံရွှေထည်ပစ္စည်းများနှင့် ငွေစက္ကူများအား သက်သေများနှင့်အတူ ဧပြီ ၂၆ ရက် ည ၉ နာရီတွင် ကျင်းတူးရှာဖွေခဲ့ရာ မြေကျင်းအတွင်း ပီနံအိတ်အဖြူဖြင့် ထည့်၍ ထုပ်ပိုးထားသည့် ငွေစက္ကူ ၁၀၀၀၀ တန် သိန်းပေါင်း ၁၄၀၀ ကျပ်နှင့် ရွှေထည်ပစ္စည်းမျိုးစုံ(စုစုပေါင်းအလေးချိန် ကိုးကျပ်၊ (၁၀)ပဲ၊ ငါးရွေး)တို့အား သိမ်းဆည်းရမိခဲ့ပါသည်။

အမှုတွင် ပါဝင်သော သက်သေခံပစ္စည်းများအား သိဝှက်သိမ်းဆည်းထားသူများဖြစ်သည့် မသင်းသင်းစိုး(၂၆နှစ်)၊ လက်ပံကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နယ်၊ ဦးမြင့်နိုင်(၅၇နှစ်)၊ ကျပန်း၊ လက်ပံကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နယ်၊ ကျော်ကျော်ခိုင်(ခ) ကျော်ခိုင်(၃၁နှစ်)၊ ကျပန်း၊ အင်းခုံကျေးရွာ၊ တပ်ကုန်းမြို့နယ်နှင့် ဖြိုးဖြိုး(၁၉ နှစ်)၊ ကျပန်း၊ လက်ပံကျေးရွာအုပ်စု၊ တပ်ကုန်းမြို့နယ် နေသူတို့ လေးဦးအား ဧပြီ ၂၆ ရက်၊ ည ၁၀ နာရီ ၁၀ မိနစ်တွင် တပ်ကုန်းမြို့မရဲစခန်း အချုပ်၌ အမှုဖြင့် ဖမ်းဆီးချုပ်နှောင်ထားရှိပြီး တရားခံ လွင်ကိုဦးအား ဖမ်းဆီးရမိရေး ဆက်လက်စုံစမ်းဆောင်ရွက်ခဲ့သည်။

ဧပြီ ၂၇ ရက် နံနက် ၄ နာရီတွင် တိုင်းမှူးခင်းအကူဌာနစုမှ ရဲမှူး ရဲဝင်းစိုး၊ ဒုရဲမှူး ဝေယံပိုင် ဦးစီး(၆+၁=၇)ဦးအဖွဲ့သည် အမှတ်(၃)နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မောင်မောင်ဇော် ဦးစီး (၁+၁= ၂) ဦးအဖွဲ့နှင့်ပူးပေါင်း၍ ဖမ်းဆီးရမိ တရားခံများနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများအား လွှဲပြောင်းရယူနိုင်ရေးအတွက် ရွှေကျွမ်းကျင်သူ ဦးစိုးမြင့်နှင့်အတူ မော်တော်ယာဉ်သုံးစီးဖြင့် တပ်ကုန်းမြို့မရဲစခန်းသို့ သွားရောက်ခဲ့ပြီး နေပြည်တော်ရဲတပ်ဖွဲ့၊တိုင်းမှူးခင်းအကူဌာနစုမှ ဒုရဲမှူး တင်အောင်ထွန်း ဦးစီးအဖွဲ့၊ တပ်ကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အေးမင်းဦး ဦးစီးအဖွဲ့၊ ရွာကောက်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မင်းဇော်လင်း ဦးစီးအဖွဲ့တို့နှင့် ပူးပေါင်း၍ တရားခံ လွင်ကိုဦးအား ဖမ်းဆီးရမိရေး တရားခံ အသုံးပြုသည့် Tik Tok အကောင့် @Fighter 91 အား ဝင်ရောက်ကြည့်ရှုခဲ့ရာ တပ်ကုန်းမြို့၊ - - - ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်မှ ဆိုင်ကယ်အရောင်း Post အား Like ပေး၍ Reposted ပြန်တင်ထားကြောင်း စိစစ်တွေ့ရှိရသဖြင့် တပ်ကုန်းမြို့၊ - - - ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်သို့ သွားရောက် စုံစမ်းခဲ့ရာ ဧပြီ ၁၉ရက် နံနက် ၁၀ နာရီခန့်တွင် KENBO-125 အနက်ရောင်ဆိုင်ကယ်အား ငွေကျပ် ၃၈၅၀၀၀၀ ဖြင့် လွင်ကိုဦးအမည်မှ ဝယ်ယူသွားခဲ့ကြောင်း၊ ဝယ်ယူရာတွင် လွင်ကိုဦး၏ဇနီးဖြစ်သူလည်း အတူပါလာကြောင်းနှင့် ၎င်းတို့လက်ပံကျေးရွာတွင် နေထိုင်သည်ဟု ပြောဆိုခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် လွင်ကိုဦး ပုန်းရှောင်တည်းခို နေထိုင်နိုင်သည့် တည်းခိုခန်းများနှင့် သွားလာတတ်သည့်နေရာများသို့ အဖွဲ့များခွဲ၍ အသီးသီး စုံစမ်းရှာဖွေစေခဲ့ရာ ဧပြီ ၂၇ ရက် ညနေ ၄ နာရီခွဲတွင် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူကျေးရွာ၊ အောင်ဇမ္ဗူရပ်ကွက်ရှိ - - - တည်းခိုခန်းတွင် - - - ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်မှ ဝယ်ယူသွားသည့် KENBO-125 အနက်ရောင်ဆိုင်ကယ်အား တွေ့ရှိရသဖြင့် တည်းခိုခန်းမန်နေဂျာနှင့်တွေ့ဆုံ၍ ဧည့်စာရင်းမှတ်တမ်းအား ကြည့်ရှုခဲ့ရာ ဧပြီ ၂၄ရက် ညပိုင်းတွင် မျိုးသူအမည်ဖြင့် အခန်းအမှတ် (H-3) တွင် ရောက်ရှိတည်းခိုနေသူ စီးနင်းလာသော ဆိုင်ကယ်ဖြစ်ကြောင်းသိရှိရ၍ မှတ်ပုံတင်အား တောင်းယူကြည့်ရှုရာ မှတ်ပုံတင်ပါအမည်မှာ မျိုးသူဖြစ်သော်လည်း ဓာတ်ပုံမှာ လွင်ကိုဦး၏ ဓာတ်ပုံဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ပူးပေါင်းအဖွဲ့က အခန်းအမှတ် (H-3) သို့ ဝင်ရောက်ရှာဖွေခဲ့ရာ တရားခံ လွင်ကိုဦး (၂၇ နှစ်)၊ ပန်းရန်၊ လက်ပံကျေးရွာ၊ တပ်ကုန်းမြို့နယ်နေသူအား တွေ့ရှိဖမ်းဆီးရမိခဲ့သည်။ ၎င်းထံမှ အောက်ပါ သက်သေခံပစ္စည်းများနှင့် ရွှေထည်ပစ္စည်းစုစုပေါင်းအလေးချိန် သုံးကျပ်၊ သုံးပဲ၊ သုံးရွေးအား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လွင်ကိုဦးထံမှ ဆက်စပ်ပစ္စည်းများကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။ တိုင်းမှူးခင်း အကူဌာနစု ရဲမှူး ရဲဝင်းစိုး၊ ဒုရဲမှူး ဝေယံပိုင် ဦးစီးအဖွဲ့၊ အမှတ်(၃)နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် မောင်မောင်ဇော် ဦးစီးအဖွဲ့တို့သည် အမှုမှ ဖမ်းဆီးရမိသည့် တရားခံ လွင်ကိုဦး၊ ပါဆုံးသက်သေခံပစ္စည်းများအား သိဝှက်သိမ်းဆည်းထားသူများဖြစ်သည့် မသင်းသင်းစိုး၊ ဦးမြင့်နိုင်၊ ကျော်ကျော်ခိုင်(ခ)ကျော်ခိုင်၊ မဖြိုးဖြိုးတို့ ငါးဦးနှင့် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်း စုစုပေါင်းငွေကျပ် ၁၅၂၇ သိန်း၊ ရွှေထည်ပစ္စည်းမျိုးစုံ၊ စုစုပေါင်းအလေးချိန် ၁၂ကျပ်၊ ၁၄ပဲ၊ KENBO အမှတ်တံဆိပ်ပါ အနက်ရောင်ဆိုင်ကယ် တစ်စီး၊ ဖုန်းမျိုးစုံငါးလုံးနှင့် အခြားသက်သေခံပစ္စည်းများအား တင်ဆောင်၍ တပ်ကုန်းမြို့မရဲစခန်းမှ ဧပြီ ၂၇ ရက် ည ၉ နာရီ ၅ မိနစ်တွင် မော်တော်ယာဉ်လေးစီးဖြင့် တပ်ကုန်းမြို့မရဲစခန်းမှ ပြန်လည်ထွက်ခွာလာခဲ့ရာ ဧပြီ ၂၈ ရက် နံနက် ၁ နာရီ မိနစ် ၄၀ တွင် အမှတ် (၃)နယ်မြေရဲစခန်းသို့ ရောက်ရှိကာ တရားခံ ငါးဦးနှင့် သက်သေခံပစ္စည်းများအား အမှုဖြင့် ဆက်လက်အရေးယူဆောင်ရွက်နိုင်ရန်အတွက် အမှတ်(၃)နယ်မြေရဲစခန်းသို့ စနစ်တကျ လွှဲပြောင်းအပ်နှံခဲ့သည်။

တရားခံ လွင်ကိုဦးအား စစ်ဆေးခဲ့ရာ ၎င်းသည် ၂၀၁၉ ခုနှစ်တွင် ပဲခူးမြို့၊ ဈေးအတွင်း၌ လုယက်မှုကျူးလွန်မှုဖြင့် ထောင်ဒဏ်နှစ်နှစ်ကျခံခဲ့ရကြောင်း၊ အင်းစိန်အကျဉ်းထောင်မှတစ်ဆင့် ရဲဘက်စခန်းသို့ ရောက်ရှိသွားခဲ့ပြီး ထောင်မှလွတ်လာပြီးနောက် တပ်ကုန်းမြို့နယ်၊ လက်ပံကျေးရွာတွင် နေထိုင်ပြီးနောက် ရန်ကုန်မြို့သို့ သွားရောက်၍ ပန်းရန်လုပ်ငန်း လုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလတွင် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ လာရောက်၍ - - - ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုတွင် ပန်းရန်လုပ်ငန်းလုပ်ကိုင်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ လမ်း ၇၀နှင့် ၇၁လမ်း ကြား၊ - - - ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်သည့် RC ရှစ်ထပ် လူနေအိမ်အဆောက်အအုံအား ၎င်းအပါအဝင် လူ ၂၀ ခန့်ဖြင့် စတင်လုပ်ကိုင်ခဲ့ကြောင်း၊ မတ် ၂၈ ရက်တွင် လူပ်ခတ်ခဲ့သည့် ငလျင်ကြောင့် အလုပ်ဆိုက်အား ကုမ္ပဏီက ပိတ်ခဲ့ပြီး အလုပ်သမားများကို နေရပ်အသီးသီးသို့ ပြန်စေခဲ့သည်။ ၎င်းနှင့် ကို - - - တို့ နှစ်ဦးမှာ နေရပ်သို့မပြန်ဘဲ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်ရှိ ဆောက်လုပ်ရေးကုမ္ပဏီဆိုက်တွင် ဆက်လက်နေထိုင်ခဲ့သည်။ ၎င်းတို့နှစ်ဦးသည် သင်္ကြန်ကာလအတွင်း အမှတ်(၄)ရဲစခန်းရှိ ဆောက်လုပ်ရေးဆိုက်တွင် ပန်းရန်အလုပ်အား ပုဒ်ပြတ်ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ တစ်ဦးမှာ ဧပြီ ၁၆ ရက်တွင် ၎င်း၏နေရပ်ဖြစ်သည့် ကျောက်ဆည်မြို့သို့ ပြန်သွားခဲ့သဖြင့် ၎င်းတစ်ဦးတည်း ဆောက်လုပ်ရေးဆိုက်တွင် ဆက်လက်နေထိုင်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ထို့နောက် ဧပြီ ၁၈ ရက် နံနက် ၈ နာရီတွင် ပတ်ဝန်းကျင်တွင် လူများမရှိသဖြင့် နေအိမ်အောက်ထပ်ရှိ အလယ်ပြတင်းပေါက်မှန်အား

စာမျက်နှာ ၂၀ သို့ ➤

➤ စာမျက်နှာ-၁၉ မှ အဆက်

ဆွဲဖွင့်ခဲ့ပြီး သံပန်းမှာ ဝါပလပ်များ ဟနေသည်ကို တွေ့ရသဖြင့် ထိုဟနေသည့် သံပန်းမှအထဲသို့ လျှိုဝင်ကြည့်ရာ လူတစ်ယောက် ဝင်လို့ရသည့် အနေအထားရှိသည်ကို သိရပြီးနောက် ထိုသံပန်းအား ဆွဲဟပြီး နေအိမ်တိုက်ခန်းအတွင်းသို့ လျှိုဝင်ခဲ့ကြောင်း၊ တိုက်ခန်းအတွင်းသို့ရောက်ပြီးနောက် တိုက်ခန်းထဲတွင် လှည့်ပတ်ရှာဖွေခဲ့ရာ အခန်းတံခါးများအား သော့မခတ်ထားသည်ကို တွေ့ရသဖြင့် အခန်းအတွင်း ရှာဖွေခဲ့ရာ အခန်းအတွင်း ထပ်ခိုးပေါ်တွင် တင်ထားသည့် မြွေရေခွံဆာလာအိတ်အဖြူဖြင့် ပိုက်ဆံထည့်ထားသည့် အထုပ်တစ်ထုပ်နှင့် ကျောပိုးအိတ် မီးခိုးရောင်အတွင်း ထည့်ထားသည့် ရွှေထည်ပစ္စည်းများနှင့် စာချုပ်စာတမ်းများကို တွေ့ရှိခဲ့ကြောင်း၊ ထို့နောက် ရွှေထည်ပစ္စည်းများအား ပိုက်ဆံထည့်ထားသည့် မြွေရေခွံဆာလာအိတ်အဖြူအတွင်း စုထည့်ပြီး တိုက်ခန်းအတွင်းမှ ခိုးထုတ်ယူခဲ့ကြောင်း၊ ၎င်းသည် ခိုးယူလာသည့် ပိုက်ဆံနှင့် ရွှေထည်ပစ္စည်းများအား ခရီးဆောင်အိတ်အတွင်း စီထည့်၍ သိမ်းထားခဲ့ပြီး ဧပြီ ၁၈ ရက် နံနက် ၁၁ နာရီခန့်တွင် ညီဖြစ်သူ - - - ပိုင်ဆိုင်သည့် ဆိုင်ကယ်ဖြင့် ပိုက်ဆံနှင့်ရွှေထည်ပစ္စည်းများအား ၎င်း၏ ခရီးဆောင်အိတ်အတွင်းထည့်၍ ထွက်လာခဲ့ကြောင်း၊ မွန်းလွဲ ၁ နာရီတွင် ကားကြီးကွင်းနား၊ ၇၄ လမ်းနှင့် ၁၁၇ လမ်းရှိ - - - တည်းခိုခန်း၊ အခန်းအမှတ်(၃၀၃)တွင် သွားရောက်တည်းခိုနေထိုင်ခဲ့သည်။ ထို့နောက် တည်းခိုခန်းနားရှိ KTV (ဆိုင်နာမည်မမှတ်မိ) တွင် သွားရောက်ခဲ့ပြီး တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ ထို့နောက် ညပိုင်းတွင် အမျိုးသမီးတစ်ဦးအား ငွေကျပ်နှစ်သိန်းပေး၍ ပျော်ပါးခဲ့ပြီး ထိုအမျိုးသမီးအား အလုပ်ဆက်မလုပ်ရန် ပြောဆို၍ ငွေကျပ် ၂၂ သိန်းအားပေးခဲ့သည်။ ဧပြီ ၁၉ ရက် နံနက် ၇ နာရီတွင် - - - ကား ခုံအမှတ် A-2 ဖြင့် မန္တလေးမှ နေပြည်တော်သို့ လိုက်ပါခဲ့ရာ မွန်းတည့် ၁၂ နာရီတွင် သပြေကုန်းဈေးသို့ ရောက်ရှိခဲ့ပြီး ဇနီးဖြစ်သူ မသင်းသင်းစိုးအား ဖုန်းဆက်၍ လက်ပံရွာမှ တပ်ကုန်းမြို့ သို့လာရန် ပြောဆိုခဲ့သည်။ ထို့နောက် သပြေကုန်းဈေးမှ တပ်ကုန်းမြို့သို့ Taxi ကားငှားပြီး သွားခဲ့ရာ မွန်းလွဲ ၂ နာရီတွင် တပ်ကုန်းမြို့ သို့ရောက်ရှိပြီး တပ်ကုန်းမြို့ဈေးတွင် ဇနီးဖြစ်သူ မသင်းသင်းစိုးနှင့် တွေ့ဆုံခဲ့သည်။ ဇနီးဖြစ်သူအား ပိုက်ဆံကောက်ရခဲ့တာဟု လိမ်ပြောခဲ့ပြီး ဇနီးဖြစ်သူအတွက် တပ်ကုန်းမြို့ဈေးထဲရှိ ရွှေဆိုင် (ဆိုင် နာမည်မမှတ်မိ)တွင် ရွှေကြိုးတစ်ကုံး၊ ရွှေဆွဲသီးတစ်ခု၊ နားဋောင်း နှစ်စုံ၊ စုစုပေါင်း ငွေကျပ် ၆၅ သိန်းကျော်ဖိုး ဝယ်ယူပေးခဲ့သည်။ ဆက်လက်၍ တပ်ကုန်းမြို့ရှိ --- ဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်တွင် KENBO 125 ဆိုင်ကယ် အား ငွေကျပ် ၃၈၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့သည်။ ထို့နောက် ဝယ်ယူထားသည့် ဆိုင်ကယ်ဖြင့် လက်ပံကျေးရွာရှိ နေအိမ်သို့ ပြန်လာခဲ့သည်။ ညပိုင်းတွင် ဇနီးဖြစ်သူ မသင်းသင်းစိုး၊ ယောက္ခမဖြစ်သူ ဦးမြင့်နိုင်၊ မယားညီအစ်ကို ကျော်ကျော်ခိုင်(ခ) ကျော်ခိုင်တို့အား ခိုးယူလာသည့်ပစ္စည်းများအား ပြသပြီး ၎င်းခိုးယူလာသည့် ပစ္စည်းများအား သေချာစွာ သိမ်းဆည်းထားရန်နှင့် လုံးဝထုတ်ယူသုံးစွဲခြင်းမပြုရန် မှာကြားထားခဲ့သည်။ နောက်တစ်နေ့တွင် အဆိုပါ ခိုးယူလာသည့်ငွေနှင့် ရွှေထည်ပစ္စည်းများအနက်မှ ငွေကျပ်သိန်း ၅၀၀ နှင့် ရွှေဆွဲကြိုးနှစ်ကုံးတို့အား ယူဆောင်၍ ဝယ်ယူထား သည့် ဆိုင်ကယ်ဖြင့် နေပြည်တော်သို့ ထွက်ခွာလာခဲ့ပြီး ဟိုတယ် များတွင် လှည့်လည်တည်းခိုကာ ပျော်ပါးခြင်း၊ KTV များသို့ သွားရောက်၍ သီဆိုပျော်ပါးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ထို့နောက် ဧပြီ ၂၅ ရက်တွင် ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူကျေးရွာ၊ အောင်ဇမ္ဗူရပ်ကွက်ရှိ - - - တည်းခိုခန်းတွင် ရောက်ရှိတည်းခိုနေစဉ် ဧပြီ ၂၇ ရက် ညနေပိုင်းတွင် ရဲတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးခြင်းခံခဲ့ကြောင်း ထွက်ဆိုထားသည်ကို စစ်ဆေးတွေ့ရှိရသည်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့၊ တိုင်းရဲအကူတပ်ဖွဲ့ခွဲ၊ မှုခင်းအကူဌာနစုမှ ရဲမှူး ရဲဝင်းစိုး၊ ဒုရဲမှူး ဝေယံပိုင်ဦးစီးတပ်ဖွဲ့ဝင်များသည် အမှတ်(၃)နယ်မြေရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် မောင်မောင်ဇော် ဦးစီးနယ်ထိန်းအဖွဲ့၊ နေပြည်တော်ရဲတပ်ဖွဲ့၊ မှုခင်းအကူဌာနစုမှ ဒုရဲမှူး တင်အောင်ထွန်း ဦးစီးအဖွဲ့၊ တပ်ကုန်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အေးမင်းဦး ဦးစီးအဖွဲ့၊ ရွာကောက်နယ်မြေရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် မင်းဇော်လင်း ဦးစီးအဖွဲ့တို့နှင့် ပူးပေါင်း၍ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်း(ပ)၆၄/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ-၃၈၀ အမှုစတင်ဖြစ်ပွားချိန်မှ ကိုးရက်အတွင်း ပြစ်မှုကျူးလွန်သူ တရားခံ လွင်ကိုဦးနှင့် ခိုးရာပါ သက်သေခံရွှေထည်ပစ္စည်းများနှင့် ငွေများအား သိုဝှက်သိမ်းဆည်းထားရှိသူ မသင်းသင်းစိုး၊ ဦးမြင့်နိုင်၊ ကျော်ကျော်ခိုင်(ခ)ကျော်ခိုင်နှင့် မဖြိုးဖြိုးတို့ ငါးဦးအား သက်သေခံပစ္စည်း စုစုပေါင်းငွေကျပ် ၁၅၂၇ သိန်း၊ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်းအလေးချိန် ၁၂ကျပ်၊ ၁၄ပဲ၊ KENBO အမှတ်တံဆိပ်ပါ အနက်ရောင်ဆိုင်ကယ်တစ်စီး၊ ဖုန်းမျိုးစုံ ငါးလုံးတို့နှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ရုရှားနိုင်ငံသား တစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

နေပြည်တော် ဧပြီ ၃၀

**ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ကျောက်ခတ်နယ်မြေတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ရုရှားနိုင်ငံသား တစ်ဦးနှင့် တောင်ကိုရီးယားနိုင်ငံသားတစ်ဦးတို့ကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။**



ထိုသို့ စစ်ဆေးဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများသည် သက်ဆိုင်ရာ ဌာနအလိုက် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက် စာရင်းဇယားများ မှန်ကန်ပြည့်စုံစေရေးနှင့် ၎င်းတို့၏ကျန်းမာရေး၊ နေထိုင်စားသောက်ရေး၊ လုံခြုံရေး၊ ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ထားရှိရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၅ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ ၇၅၈၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၄၆၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်း စောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူများအား ခြိမ်းခြောက်ထိခိုက်မှုများ ရှိလာသည့် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု အပါအဝင် အွန်လိုင်းဒုစရိုက်မှုမျိုးစုံကို အမျိုးသားရေးအသွင်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းလက်တွဲကာ ထိထိရောက်ရောက်ပြတ်ပြတ်သားသား တိုက်ဖျက်နှိမ်နင်းပြီး ထိန်းသိမ်းစစ်ဆေး လွှဲပြောင်းပေးလျက်ရှိကြောင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်တို့ကလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုအပါအဝင် အွန်လိုင်းဒုစရိုက်မှုလုပ်ငန်းများ မရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူခြင်းတို့ကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အီရတ်နိုင်ငံ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဧပြီ ၃၀

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်ထား တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံ သံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မြန်မာနိုင်ငံသား မဝေဝေခိုင်သည် အလုပ်လုပ်ကိုင်ရန် မြန်မာနိုင်ငံမှ ထွက်ခွာခဲ့ရာ အီရတ်နိုင်ငံသို့ ၂၀၂၄ ခုနှစ်တွင် ရောက်ရှိခဲ့ပြီး အလုပ်လုပ်ကိုင်ရာ အလုပ်ရှင်နှင့် အဆင်မပြေသဖြင့် နေအိမ်မှ ထွက်ပြေးစဉ် အီရတ်ရဲများ၏ ထိန်းသိမ်းခြင်းကိုခံရကာ ထိန်းသိမ်းရေးစခန်းတွင် သုံးလတာကာလ နေထိုင်ခဲ့ပြီး အမှုကိစ္စရပ်များပြီးဆုံးသွားသဖြင့် မြန်မာနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံး၊ မြန်မာကောင်စစ်ဝန်ရုံး၊ အီရတ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ဧပြီ ၃၀ ရက်တွင် အီရတ်နိုင်ငံမှ Bahrain-Bangkok-Yangon ခရီးစဉ်ဖြင့် ထွက်ခွာနိုင်ခဲ့ပြီး ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။



ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်ပေးမှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ် ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ကျော်ကြီး**

**ဓာတ်ပုံ - မောင်သီ**

### နေ့အပူချိန် မြင့်မားခဲ့သော စခန်းများ၏ ၃၀-၄-၂၀၂၅ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ပခုက္ကူမြို့ | ၄၀.၀ | ၁၀၄.၀ |
| ၂။ | ချောက်မြို့ | ၃၉.၂ | ၁၀၂.၆ |
| ၃။ | ကျောက်ပန်းတောင်း? | | |
| ၃။ | ကော့ကရိတ်မြို့ | ၃၉.၂ | ၁၀၂.၆ |
| ၄။ | ဆင်ဖြူကျွန်းမြို့ | ၃၇.၀ | ၉၈.၆ |
| ၅။ | ထားဝယ်မြို့ | ၃၆.၇ | ၉၈.၁ |
| ၆။ | ကော့သောင်းမြို့ | ၃၆.၂ | ၉၇.၂ |
| ၇။ | ညောင်လေးပင်မြို့ | ၃၆.၀ | ၉၆.၈ |
| ၈။ | မြိတ်မြို့ | ၃၆.၀ | ၉၆.၈ |
| ၉။ | ဘားအံ(စိုက်ပျိုးရေးမိုးလေဝသ) | ၃၆.၀ | ၉၆.၈ |
| ၁၀။ | မော်လမြိုင်မြို့ | ၃၆.၀ | ၉၆.၈ |

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၁)တွင် တည်ရှိသော ဦးပိုင်အမှတ်(၁၂၀+၁၂၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁+ ၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်များ၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးပြည့်စုံအောင်ထွန်း(၁၃/နခန(နိုင်)၀၈၀၆၈၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဦးလှမိုး (ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၇)တွင် တည်ရှိသော ဦးပိုင်အမှတ်(၃၅)အတွင်းမှ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ စလစ်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ နံကပ်တစ်ထပ်အဆောက်အအုံ(ရေ+မီးအစုံ)၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးကျော်ကျော်(၉/မနတ(နိုင်)၀၂၃၇၈၉)၊ ဒေါ်မြမြ(၉/မမန(နိုင်)၀၄၉၄၅၈)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဦးလှမိုး (ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ ကြား၊**

**မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂၄)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၄၀×၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးမြတ်သူ(ဘ)ဦးမင်းနောင်(၉/စကန(နိုင်)၁၀၈၇၇၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမှုရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးသန့်ဇင်ဦး(ဘ)ဦးနိုင်းပေါင်ဟို့**
**(၉/မကန(နိုင်)၁၂၉၅၅၄)**

**လွှဲအပ်ညွှန်ကြာချက်အရ-**
**ဦးသက်ထွန်းဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၃၂၈)**
**ဖုန်း ၀၉-၇၉၇၂၅၃၁၄၅**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၇)၊ ဦးပိုင်အမှတ်(၆၀)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကေ အကျယ်အဝန်းရှိ မြေကွက်သည် ဦးဝင်းကြည်(ဘ)ဦးကြည်မောင်(MDYNE-၀၀၄၇၇၆)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးလလွမ်(ခ)ဦးကျော်စိုးလွင်(ဘ)ဦးရန်စိန်ချမ်း(ခ)ဦးရန်တူး(၁/မကန(နိုင်)၀၀၂၄၂၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမှုရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးသန်းရွှေ** B.A(Hist),H.G.P

**အထက်တန်းရှေ့နေ**

**၅၃လမ်း၊ ၁၁၀(A)လမ်း ၁၁၀(B)လမ်းကြား၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၅၁၄၀၄၇၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ တမွဝတီရပ်ကွက်၊ အကွက်အမှတ်(၄၉၀)၊ ယခင် ဦးပိုင်အမှတ်(၅-ဃ)၊ ယခု ဦးပိုင်အမှတ်(၅-ခ)၊ ဧရိယာ(၀ ဒသမ ၀၄၃၀)ကေ အကျယ်အဝန်းရှိ ဦးစိုးအောင်၊ ဒေါ်တင့်တင့် အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဝင်းခြံအကာအရံ၊ ပေါက်ရောက်သစ်ပင်၊ နေထိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးစိုးအောင် ကွယ်လွန်သွားသဖြင့် တရားဝင်လက်ရှိ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ဝန်ခံကတိပြုကာ အဆိုပြုရောင်းချသူ ဒေါ်တင့်တင့်(ဘ)ဦးလှဘော်(၁၂/အစန(နိုင်)၀၈၆၅၈၉)က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကျွန်ုပ်တို့အမှုသည်ထံ အဆိုပြုပြောဆိုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့အမှုသည်ကလည်း ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်လပြည့် (ဥပဒေဘွဲ့)**

**ဦးအောင်မျိုးထွန်း (ဥပဒေဘွဲ့)၊ ဦးထက်ပိုင်စိုး (ဥပဒေဘွဲ့)၊ ဒေါ်ဝင်းမာ (ဥပဒေဘွဲ့)၊ ဒေါ်ထက်ထက်လှိုင် (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးကျော်ရဲအောင် (ဥပဒေဘွဲ့)**

**အထက်တန်းရှေ့နေ**

**ရုံးခန်း-လမ်း၃၀နှင့် ၃၁လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ရန်မျိုးလုံရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၅၅၉၂၆၊ ၀၉-၇၅၂၄၅၅၉၂၆၊ ၀၉-၉၄၀၇၉၀၀၉၉၊ ၀၉-၇၉၇၃၅၀၀၇၁၊ ၀၉-၄၀၂၆၄၇၆၂၄**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၈)၊ ဦးပိုင်အမှတ်(၂၅)၊ မြေဧရိယာ(၀ ဒသမ ၀၅၅၁)ကေ အကျယ်အဝန်းရှိ မြေကွက်သည် ဒုအရာခံဗိုလ်စော်မင်း အမည်ဖြင့် နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်၏ (တောင်ဘက်အစွန်းဆုံးအခြမ်း)၊ အရှေ့အနောက်(၄၅)ပေ၊ တောင်မြောက်(၄၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေအစိတ်အပိုင်းနှင့်တကွ ယင်းဂရန်မြေအစိတ်အပိုင်းပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဦးဝင်းထိန်(ဘ)ဦးမောင်တင်(၉/မနတ(နိုင်)၀၉၇၅၂၀)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်စိုး** (LL.B) **တရားလွှတ်တော်ရှေ့နေ**

**ဦးမြတ်စိုးဦး** (LL.B) **ဦးဝေမြိုးအောင်** (LL.B) **ဒေါ်မှုးမှုးမြတ်သွယ်** (LL.B) **ဒေါ်ပွင့်ဖြူကျော်** (LL.B)

**(အထက်တန်းရှေ့နေများ)**

(TNS Law Firm & Legal Services)

**(နန-၁၃/၄)၊ လမ်း၆၀၊ ၁၃၃လမ်းနှင့် ၁၃၄လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့၊**

**ဖုန်း ၀၉-၄၀၂၅၇၆၃၄၈၊ ၀၉-၉၄၈၀၀၀၀၃၉၊ ၀၉-၇၇၅၂၀၈၀၂၀၊ ၀၉-၂၅၉၁၁၈၅၆၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ ၁၁၇(အေ)လမ်းနှင့် ၅၈(ဘီ)လမ်းကြား၊ အကွက်အမှတ်(ဘ-၃)၊ ဦးပိုင်အမှတ်(၄၅-က)၊ ဧရိယာ(၁၅×၄၅)ပေ အကျယ်အဝန်းရှိ ဒေါ်စန်းစန်းမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် စလစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ချိုချိုလွင်(ဘ)ဦးကြည်(၅/ရဘန(နိုင်)၀၁၆၄၁၈)နှင့် ဒေါ်နီနီမာ(ဘ)ဦးချစ်ဦး(၅/ရဘန(နိုင်)၀၄၈၈၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ စလစ်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက ဤမြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးချစ်စန်းမောင်** (LL.B) **ဒေါ်မွန်မွန်လှိုင်** (LL.B)

**တရားလွှတ်တော်ရှေ့နေများ**

**ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၁၁၁၅၅၆၀၊ ၀၉-၂၅၀၈၈၆၅၂**

## မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၃၉)၊ ဦးပိုင်အမှတ်(၁၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ကေ အကျယ်အဝန်းရှိသော ဦးချစ်လွင် အမည်ပေါက် ဂရန်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေဘုံဘိုင်၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော (၁) ဦးကျော်ထက်နိုင်(ဘ)ဦးခင်မောင်ဝင်း(၉/ပကခ(နိုင်)၀၂၆၁၃၉၄)၊ (၂)ဦးဝင်းထိုက်(ဘ)ဦးအုန်းမောင်(ခ)ဦးအုံးမောင်(၅/တဆန(နိုင်)၁၀၇၆၂၀)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ**

**ဒေါ်ခင်နီနီစိုး** (LL.B)

**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း ၂၀ကြား၊ မန္တလေးမြို့။**

**ဖုန်း** 02-4068839, 09-2006029, 09-792006029, 09-692006029

ladylawyer. khinninisoe@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဖလင်ပြတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်...

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နေပြည်တော်-လောရထားလမ်းပိုင်းအတွင်း လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေသည့်လုပ်ငန်းခွင်၊ ပျဉ်းမနားဘူတာ ပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်၊ ဝန်ထမ်းများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်-လောရထားလမ်းပိုင်းအတွင်း စက်ယန္တရားကြီးများဖြင့် လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေသည့်လုပ်ငန်းခွင်နေရာ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပျဉ်းမနားဘူတာပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းခွင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### တိကျစွာလိုက်နာဆောင်ရွက်

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော် – လော ရထားလမ်းပိုင်းအတွင်း ပြည်ဝင် ဘူတာယာဒ်ဝင်း၊ အစုန်ရထားလမ်း၌ ရထားများ အမြန်နှုန်း မြှင့်တင်နိုင်ရေးအတွက် Automatic Lining, Levelling and Tamping Machine-ALLTM စက်ယန္တရားအသုံးပြု၍ သံလမ်းကြံ့ခိုင်ရေး ဆောင်ရွက်နေသည့် လုပ်ငန်းခွင်နေရာသို့ ရောက်ရှိစစ်ဆေးပြီး စက်ယန္တရားအား သတ်မှတ်စံနှုန်းအတိုင်း ထိရောက်အောင် ကိုင်တွယ်အသုံးပြုရေးနှင့် စဉ်ဆက်မပြတ် အသုံးချနိုင်ရေး၊ ဝန်ထမ်းများကျွမ်းကျင်မှုပိုမိုပြည့်ဝလာစေရေး၊ လိုအပ်သည့်ပြုပြင်ထိန်းသိမ်းမှုစနစ်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်စေရေးတို့ကို မှာကြားသည်။

### အမြန်ဆုံးပြန်လည်ပြင်ဆင်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပျဉ်းမနားဘူတာသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးနေသည့်ဘူတာအဆောက်အအုံ၊ လက်မှတ်ရောင်းချသည့်နေရာအား ပြန်လည်မွမ်းမံတည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေး၍ ပိုမိုတောင့်တင်းခိုင်မာသည့်တိုင်၊ တန်းများနှင့် အမိုးများအဖြစ် ပြင်ဆင်တည်ဆောက်ရေး၊ ခရီးသည်များ အဆင်ပြေ ချောမွေ့စေရေးအတွက် အမြန်ဆုံး ပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် မဖြစ်ပေါ်စေရန် အထူးသတိပြုရေးတို့ကို မှာကြားသည်။ ယင်းနောက် ဘူတာဧရိယာအတွင်း ချွတ်ယွင်းပျက်စီးနေသည့် ရထားသွားလာမှု ထိန်းချုပ်ရေးစနစ်အား အမြန်ဆုံး ပြန်လည်ပြင်ဆင် အသုံးပြုနိုင်ရေးတို့ကိုလည်း မှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး(ပို့ဆောင်ရေး)မှ ဝန်ထမ်း၊ မိသားစုများ ခေတ္တအခြေပြုနေထိုင်သည့် ယာယီစခန်းသို့ ရောက်ရှိပြီး နေထိုင်မှု၊ ချက်ပြုတ်စားသောက်မှု၊ ကျန်းမာရေးစီစဉ်ပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဌာနပိုင်မြေနေရာသို့ရောက်ရှိပြီး ဝန်ထမ်း၊ မိသားစုများ နေထိုင်မည့် ဘာရာအဆောက်အအုံဆောက်လုပ်ရန် အကွက်ချထားမှုကို စစ်ဆေး၍ တည်ဆောက်မှု အမြန်ဆုံး စတင်နိုင်ရေး၊ ရေမီးအဆင်ပြေစွာရရှိရေး စီမံဆောင်ရွက်သွားရန် မှာကြားသည်။

### ဖြည့်ဆည်းစီမံပေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဒက္ခိဏသီရိဆက်သွယ်ရေးစခန်းရုံးသို့ ရောက်ရှိပြီး ရုံးဧရိယာအတွင်း ဝန်ထမ်း၊ မိသားစုများအား ခေတ္တနေရာချထားပေးမှု၊ စားသောက်ရေးစီစဉ်ပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်း၊ မိသားစုများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းစီမံပေးခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်




ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး နေပြည်တော် – လောရထားလမ်းပိုင်းအတွင်း လမ်းပိုင်းကြံ့ခိုင်မှုဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။



## ရတနာပုံအသင်းက ရာမညယူနိုက်တက်အသင်းအား ၆ဂိုး၊ ၂ဂိုးဖြင့် အနိုင်ရရှိ

ရန်ကုန် ဧပြီ ၃၀

MNL League Cup 2025(Group-D) ပွဲစဉ်အဖြစ် ယနေ့ ညနေပိုင်းက ရာမညယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရတနာပုံအသင်းက ရာမညယူနိုက်တက်အသင်းအား ၆ဂိုး၊ ၂ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ရတနာပုံအသင်းအတွက် သွင်းဂိုး ၆ဂိုးကို ပွဲချိန် ၃၉မိနစ်နှင့် ၅၉မိနစ်တွင် ပြည့်မိုး၊ ပွဲချိန် ၅၂မိနစ်တွင် ရန်ကျော်စိုး၊ ပွဲချိန် ၅၇မိနစ်တွင် ဝေရန်ဖြိုး၊ ပွဲချိန် ၈၂မိနစ်တွင် စိုးထက်ဝင်း၊ ပွဲချိန် ၉၃မိနစ်တွင် စိုးကျော်ကျော်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

MNL League Cup 2025(Group-D) ပွဲစဉ်တွင် AYA Pay Man Of The Match အကောင်းဆုံးကစားသမားဆုကို ရတနာပုံအသင်းမှ ကျောနံပါတ် ၉၀ ပြည့်မိုးက ဆွတ်ခူးရရှိခဲ့သည်။

ရတနာပုံအသင်းသည် MNL League Cup 2025(Group-D) ပွဲစဉ်အဖြစ် လာမည့် မေ ၁၁ရက် မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် SILVER STARS အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)